# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၇၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီ နယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ ရုံများ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B) ရုံ၌ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ -၁ပွဲ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ၃ ပွဲ - ၁ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။


*စာမျက်နှာ ၁၂ ကော်လံ ၁ ➝*




ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ

၁၇-၁၂-၂၀၂၄

| | | |
|---|---|---|
| ဟားခါးမြို့ | ၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနားမြို့ | ၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘောမြို့ | ၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းတပ်မြို့ | ၉ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီးမြို့ | ၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၉ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ

**၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် ကျင်းပ**


ပြည်တွင်းသတင်း စာ ၆


**သက်တော်ရှည် လူမှုစီးပွားဖွံ့ဖြိုးရေး အဖွဲ့အစည်း**


ဆောင်းပါး စာ ၁၀

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက် (၃၅) နှစ်အောက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း တင်းနစ်အားကစားပြိုင်ပွဲရုံ၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား အသက် (၃၅)နှစ်အောက် တင်းနစ်ပြိုင်ပွဲ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး အသက် (၂၅)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီး အသက် (၂၅)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရ ရှမ်းပြည်နယ်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး အသက် (၃၅) နှစ်အောက် တင်းနစ်ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီး အသက် (၂၅) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ရွှေကြာပင်အားကစားကွင်း၌ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခုံသမာဓိဆပ်ကော်မတီမှ ဦးထွန်းလှအောင်နှင့် ဦးဘန်နီတင်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများကို တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အားကစားသမားများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ အားကစားသမားများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက်(၃၀)နှစ်အောက် အလေးမပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမအားကစားရုံ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက အမျိုးသမီး (၅၉) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး (၆၄) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမျိုးသား (၇၃) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၈၁) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား(၈၉) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား (၈၁) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီး (၆၄) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား အသက်(၂၅)နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အမျိုးသား(၈၉)ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၉၆) ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့်တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက်(၂၅)နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့အားကစားခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီး အသက်(၂၅)နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးအောင်သော်က ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား (၂၁) နှစ်အောက် ဘောလုံးပြိုင်ပွဲ၊ ဝူရှူးပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲ၊ ရိုးရာခြင်းလုံးပြိုင်ပွဲနှင့်ဘိလိယက်/စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ၁၈ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့်အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့တက်ရောက်ပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ




**ရန်ကုန် ဒီဇင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency–CIDCA) ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိကျင်းပသည့် တတိယအကြိမ် တရုတ်– အိန္ဒိယ သမုဒ္ဒရာဒေသအပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (The Third China– Indian Ocean Region Forum on Blue Economy Development Cooperation)ကို တက်ရောက်ခဲ့သည်။ (ယာပုံ)

အဆိုပါခရီးစဉ်အတွင်း ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ H.E. Mr Luo Zhaohui က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး မြန်မာ – တရုတ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြရာ တွေ့ဆုံဆွေးနွေးပွဲသို့ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

**နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး**

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ(Memorandum of Understanding between the Ministry of Investment and Foreign Economic Relations of Myanmar and China International Development Cooperation Agency on Promoting the Project of Photovoltaic Power Plants) ကို ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌတို့အကြား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစိုးရ–ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ (International Government– Business Dialogue) သို့ တက်ရောက်ရာ ဆွေးနွေးပွဲတွင် သမုဒ္ဒရာဆိုင်ရာ အခြေခံအဆောက်အဦ ချိတ်ဆက်မှုပူးပေါင်းဆောင်ရွက်ရေး၊ အပြာရောင်စီးပွားရေးအတွက် ဒစ်ဂျစ်တယ်ကဏ္ဍမြှင့်တင်ရေး၊ ယဉ်ကျေးမှုဖလှယ်ခြင်းဖြင့် အဏ္ဏဝါခရီးသွားလုပ်ငန်းမြှင့်တင်ရေးစသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဖိုရမ်သို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်သည်။

ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးအပါအဝင် နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ရုံ ဦးဆောင်သည့် တရုတ်နိုင်ငံအစိုးရ အဆင့်မြင့်ကိုယ်စားလှယ်များအကြား တွေ့ဆုံပွဲကျင်းပခဲ့သည်။ ဆက်လက်၍ အပြာရောင်အိန္ဒိယသမုဒ္ဒရာ၏ အနာဂတ်အလားအလာ–ကမ္ဘာ့တောင်ခြမ်း၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လက်တွေ့လုပ်ငန်း (Future of the Blue Indian Ocean – Development Practice of the Global South) ခေါင်းစဉ်ဖြင့်ကျင်းပသည့် တတိယအကြိမ် တရုတ်–အိန္ဒိယ သမုဒ္ဒရာဒေသအပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့ဝင်များ၊ ဘဏ္ဍာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၊ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သည့်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော အဆင့်မြင့်ကိုယ်စားလှယ်များ၊ အိန္ဒိယသမုဒ္ဒရာ နိုင်ငံပေါင်း ၂၇ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၂၄ ခုတို့မှ ကိုယ်စားလှယ်တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးပွဲတက်ရောက်**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်နှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ သမုဒ္ဒရာဆယ်စုနှစ် (The Ocean Decade of United Nations in the Context of Global Development Initiative) ခေါင်းစဉ်ဖြင့် ကျင်းပသည့်ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သမုဒ္ဒရာ ရာသီဥတုအပြောင်းအလဲဆိုင်ရာအုပ်ချုပ်မှုကို မြှင့်တင်ပေးခြင်းနှင့် ပါရီသဘောတူညီချက်အကောင်အထည်ဖော်ရေးတွင် ပါဝင်ကူညီပေးခြင်း (Promoting Ocean Climate Change Governance and Contributing to the Implementation of the Paris Agreement) ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တတိယအကြိမ် တရုတ်–အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး မြို့နယ်ပြည်သူ့ဆေးရုံရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

**ကျိုက်လတ် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟသည် ဒီဇင်ဘာ ၁၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးသည် ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံရှိ လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ ဓာတ်မှန်ခန်းများနှင့် လူနာထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန့်ဇော်မောင်၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ မှာကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကျောင်းအခြေပြုတီဘီရောဂါရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်



**ကျိုက်မရော ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေဖော်ထုတ်ခြင်းကို ဒီဇင်ဘာ ၁၆ ရက်က အထက ကျိုက်မရော (ပညာ့အားမာန်)ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်ရီဝင်းက တီဘီရောဂါအကြောင်း အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများ အား တီဘီရောဂါ သံသယလက္ခဏာများ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ရာ တီဘီရောဂါသံသယလက္ခဏာ တွေ့ရှိသော ကျောင်းသားကျောင်းသူများအား မြို့နယ်တီဘီတိုက်ဖျက်ရေးဌာနသို့ ညွှန်းပို့ခြင်း၊ တီဘီရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်းတို့ကို ကွင်းဆင်းရှာဖွေဖော်ထုတ်ပေးပြီး ပိုးတွေ့ကျောင်းသား ကျောင်းသူများအား မြို့နယ်တီဘီတိုက်ဖျက်ရေးဌာနမှ တီဘီဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## မော်လမြိုင်မြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါ ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း၌ ကျောင်းအခြေပြု တီဘီရောဂါ စစ်ဆေးရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်က အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ လိုက်လံဆောင်ရွက်သည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဦးဆောင်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်တီဘီရောဂါ တိုက်ဖျက်ရေးဌာနတို့ ပူးပေါင်းပြီး School Based TB–ACF ကျောင်းအခြေပြု တီဘီရောဂါရှာဖွေဖော်ထုတ်ခြင်း အစီအစဉ်တွင် Grade – 4 မှလတန်းထက်ဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၃၆ ဦးအား တီဘီရောဂါ သတိပြုကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၇

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၌ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်အဖွဲ့များ၊ ကောင်စီဝင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနတွင် အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်၊ နည်းပညာကျွမ်းကျင်သူ စုစုပေါင်း ၁၄၈၂ ဦးရှိသဖြင့် အင်ဂျင်နီယာကောင်စီ၏ အသိအမှတ်ပြု မှတ်ပုံတင် လက်မှတ်ရရှိရေး လျှောက်ထားစေလျက်ရှိကြောင်း၊ စည်းမျဉ်းနှင့်အညီ ထိန်းကျောင်းကြပ်မတ်ရန် တာဝန်ပေးအပ်ခံရသည့် ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ရရှိပြီး အင်ဂျင်နီယာများသည် အင်ဂျင်နီယာကျင့်ဝတ်များကို လိုက်နာရသလို မိမိကိုယ်တိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် (Life-Long Learning) ဆောင်ရွက်ရသည့်အပြင် သက်ဆိုင်ရာဘာသာရပ်များနှင့် ပတ်သက်၍လည်း နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်ရကြောင်း။

စက်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် စက်မှု၊ လျှပ်စစ်၊ အီလက်ထရောနစ်၊ ဓာတု၊ သတ္တု၊ ချည်မျှင်နှင့်အထည်၊ အင်ဂျင်နီယာစသည့် ဘာသာရပ်များနှင့်ပတ်သက်၍ ပုံစံစစ်ဆေးအတည်ပြု (Plan Approval) ပေးရမည့် အင်ဂျင်နီယာများ လိုအပ်လျက်ရှိ၍ မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ မွေးထုတ်ပေးခဲ့သည့် အင်ဂျင်နီယာများ အလုပ်အကိုင်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက ကောင်စီ၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ အင်ဂျင်နီယာများ၏ အရည်အသွေးပြည့်မီစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာသူများက အင်ဂျင်နီယာပညာရေးမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အချက်အလက်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**




၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဇန်းမွန်ဟိုတယ်၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ အာခါ တိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အာခါတိုင်းရင်းသားများ နာယက က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အာခါတိုင်းရင်းသားများက ရိုးရာအက၊ အလှ၊ တေးသံများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖယ်ခုံမြို့နယ်အတွင်း ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

**ကလော ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေ့ရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လျက်ရှိရာ ယခုအချိန်အခါတွင် တပ်မတော်၏ ထိုးစစ်များကြောင့် သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး နယ်မြေတည်ငြိမ်အေးချမ်းသွားပြီဖြစ်၍ ပြည်သူလူထု ၁၂၀၂ ဦး လာရောက်နေထိုင်ရေး စာရင်းပေးသွင်းထားခဲ့ပြီး နေအိမ် ၂၂၃ လုံး သန့်ရှင်းရေးဝင်ရောက်ဆောင်ရွက်နေမှုအခြေအနေများ၊ ဒေသခံပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပြန်လည်နေထိုင်ရေး အခြေအနေများကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကလောခရိုင် စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးခင်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်မောင်လေး၊ ခရိုင်လမ်းဦးစီးဌာန အင်ဂျင်နီယာမှူး ဒေါ်စောစန္ဒာသိန်း၊ ခေတ္တခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးငြိမ်းချမ်းနှင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းတို့က ဖယ်ခုံမြို့ပေါ်တွင်ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူလူထုများအား ပြန်လည်နေရာချထားနိုင်ရေး၊ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ရုံးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်ရေး၊ မြို့သန့်ရှင်းရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများအတွက် သောက်သုံးရေအမြန်ဆုံးပြန်လည်ပေးဝေနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ လျှပ်စစ်မီးပြန်လည်ရရှိစေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ တီဘီရောဂါအကြောင်း ကျန်းမာရေးပညာပေး




**မကွေး ဒီဇင်ဘာ ၁၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်၏ ညွှန်ကြားချက်အရ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့်ကွင်းဆင်းရှာဖွေခြင်းကို ဒီဇင်ဘာ ၁၆ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ထမ်းများက မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ သရက်၊ ရေနံချောင်း၊ ချောက်၊ မင်းလှ၊ စေတုတ္တရာ၊ မြို့သစ်၊ မင်းတုန်း၊ အောင်လံ၊ ဆင်ပေါင်ဝဲမြို့နယ်များရှိ အခြေခံပညာကျောင်းပေါင်း ၈၅ ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၄၃၉ ဦးအား စစ်ဆေးဆောင်ရွက်ခဲ့သည့်အပြင် တီဘီရောဂါအကြောင်း ကျန်းမာရေးပညာပေးခြင်းကိုလည်း လုပ်ဆောင်ခဲ့ပြီး ကျန်မြို့နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ၌ လူနာတစ်ဦးအား ပြည်ပပညာရှင်များမပါဘဲ ဒုတိယအကြိမ် အောင်မြင်စွာခွဲစိတ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) တွင် ပါမောက္ခချုပ်၏ ညွှန်ကြားမှုဖြင့် မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာထွန်းငွေ ဦးဆောင်၍ မေ့ဆေးဆရာဝန်တစ်ဦး၊ အထူးကုဆရာဝန် လေးဦးပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက်တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာန ခုတင် (၅၀) ဆံ့ သင်ကြားရေးဆေးရုံ၌ ပုံမှန်သွားညှိကုသမှုဖြင့် ပြုပြင်၍မရနိုင်သော Severe Skeletal Class III malocclusion လူနာတစ်ဦးအား ပြည်ပပညာရှင်များမပါဘဲ ဒုတိယအကြိမ်မြောက် အောင်မြင်စွာထပ်မံ၍အခမဲ့ ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပင်မသုံးထပ်ဆောင်တည်ဆောက်

**နေပြည်တော် ဒီဇင်ဘာ ၁၇** သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**





ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများနှင့် ပင်မသုံးထပ်ဆောင် တည်ဆောက်နေမှု အခြေအနေများ၊ တည်ဆောက်ရေးကုမ္ပဏီ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စနစ်တကျ စီမံချက်ရေးဆွဲပြီး လုပ်ဆောင်ကြရန်၊ လက်တွေ့ခန်းများကို သင်ရိုးညွှန်းတမ်းနှင့်အညီ ဖြည့်ဆည်း၍ ကျောင်းသားကျောင်းသူများ စနစ်တကျ လေ့လာသင်ယူနိုင်သော သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီအောင် အလေးထားဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဆောက်အဦးရှိ အခန်းများဖွဲ့စည်းထားရှိမှု အခြေအနေများ၊ တည်ဆောက်ရေး လုပ်ငန်းခွင်၊ အားကစားကွင်း၊ ဘောလုံးကွင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက်ပန်းပွဲတော်ဧည့်ပရိသတ်များဖြင့် နေ့စဉ်စည်ကားလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၇** မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော် (Floral Fantasia 2024) သို့ တက်ရောက်အားပေးခဲ့သည်။

### ပြင်ဦးလွင်မြို့ကို စံပြမြို့တော်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်သွားရမည်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်ဂုဏ်ပြုစကား ပြောကြားရာတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ၁၉၂၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်သန္ဓေတည်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းနှစ်(၁၀၀)တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည် မြန်မာနိုင်ငံ၏ အထိမ်းအမှတ် Landmark တစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသလူမှုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပန်းပွဲတော်သည်လည်း ကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာနှင့် သဘာဝသစ်ပင်ပန်းမန်များ၏ အလှအပများကို ထင်ဟပ်စေသည့် ပွဲတော်ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်မြို့ကို စံပြမြို့တော်ဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိရာ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက် လည်ပတ်ကြသည့် ဧည့်ပရိသတ်များနှင့်အတူ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ အနုပညာရှင်များနှင့် အကအဖွဲ့များအား ဂုဏ်ပြုငွေများချီးမြှင့်ပြီးနောက် ဥယျာဉ်အတွင်း ပြခန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ဥယျာဉ်အတွင်း သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထင်းရှူးပဒေသာပင်ကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကံ့ကော်ပင်ကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးက ချယ်ရီပင်ကိုလည်းကောင်း စိုက်ပျိုးပေးပြီးနောက် ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ထင်းရှူးပဒေသာပင်ကို စိုက်ပျိုးပေးစဉ်။

### ဧည့်ပရိသတ်များဖြင့် စည်ကား

အမျိုးသား ကန်တော်ကြီး ဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်း ပြည်ပပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများပြသသည့် ဇုန်တစ်ဇုန်အပါအဝင် ဇုန်ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ ၂၀ စုစုပေါင်း ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ ပွဲတော်ကာလအတွင်း နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များနှင့် ကျွမ်းကျင်သူများဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ထည့်သွင်းထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်း ပါရှိပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက်လည်ပတ် အပန်းဖြေကြသည့် ဧည့်ပရိသတ်များဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်တွင် ဖျော်ဖြေရေးအစီအစဉ်များတွင် ပွဲကြည့်ပရိသတ်များဖြင့် စည်ကားနေမှုနှင့် အုပ်စုဖွဲ့ ပွဲလာကြည့်သည့် အမျိုးသမီးများကို တွေ့ရစဉ်။

အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၄)ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် အဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အရပ်ဘက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် ကလေးသူငယ်ကော်မတီအတွင်းရေးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး က အမှာစကား ပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ မသန်စွမ်းကလေးသူငယ်များ၊ အမှုရင်ဆိုင်ဆဲ ရီမန်ကလေးသူငယ်များနှင့် တရားရုံးအသီးသီးတွင် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသော ကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်း စုစုပေါင်း ၁၄ ကျောင်းကို ဖွင့်လှစ်ထားရှိပြီး ကလေးသူငယ် ၂၆၅၀ ကို အတန်းပညာ၊ ကျောင်းပြင်ပပညာရေး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ၊ ကောင်းမွန်သောအလေ့အကျင့်ကောင်းများနှင့် Life Skill တို့ကို သင်ကြားပေးပြီး ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ကလေးသူငယ်များ၏ပြဿနာများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရန် အတွက်လည်း လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ် (Case Management Information System– CMIS) အား အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ကလေးသူငယ်များ၊ ဥပဒေနှင့် ငြိစွန်းသည့် ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေနှင့်ငြိစွန်းသည့်ဖြစ်ရပ် ၆၉၉၀၊ ဥပဒေနှင့် မငြိစွန်းသည့် ဖြစ်ရပ် ၉၇၄ ခု စုစုပေါင်း ၇၉၆၄ ခုကို စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၃)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ရှင်းလင်းတင်ပြခြင်း၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ (မူကြမ်း) များနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားကော်မတီဝင်များမှ အထွေထွေဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ပထမအကြိမ် မြန်မာ-တရုတ်(ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲကျင်းပ

**ချုံချင့် ဒီဇင်ဘာ ၁၇**

မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချုံချင့်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်မြို့ ယွီကျုံးခရိုင်အစိုးရတို့ပူးပေါင်း၍ **"အနုပညာဖြင့် ပေါင်းစည်းဆက်သွယ်-မြန်မာပြည်မှ ချုံချင့်သို့"** ခေါင်းစဉ်ဖြင့် ပထမအကြိမ် မြန်မာ-တရုတ် (ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ချုံချင့်မြို့ရှိ အနုပညာပြဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနား၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချုံချင့်မြို့ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် ယွီကျုံးခရိုင် ဒုတိယမြို့တော်ဝန် Mr. Lai Liang တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

အခမ်းအနားသို့ ချုံချင့်မြူနီစီပယ်မြို့ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် Mr. Zhang Yongwu ၊ ချုံချင့်နိုင်ငံခြားရေးရာဌာန၊ ယွီကျုံးနိုင်ငံခြားရေးရာဌာန၊ ချုံချင့်ယွီကျုံး ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကော်မတီနှင့် အခြားအစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် ပြည်ပကောင်စစ်ဝန်ချုပ်ရုံးမှကိုယ်စားလှယ်များ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဖိုးချစ် ဦးဆောင်သည့် မြန်မာ့သဘင်ပညာရှင် ၂၁ ဦးက မြန်မာ့ရိုးရာရုပ်သေးအက၊ နှစ်ပါးသွားအက၊ မြန်မာ့ကျောက်ဆည် ဆင်အက၊ ကျေးလက်အက၊ ဖျာပုံနန်းတွင်း ရာမာယဏဇာတ်နှင့် မြန်မာ့ရိုးရာ အတာသင်္ကြန်အကတို့ကို မြန်မာ့တူရိယာဆိုင်းဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တရုတ်ယဉ်ကျေးမှုအဖွဲ့မှလည်း ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**




*** ကျောဖုံးမှ**

ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများပိုင်ရှင် တွမ်လောင်ဖူး (ခ) အားဟွာ၏ နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အတူ တွမ်ရီးခွမ်အား စိတ်ပြောင်းဆေးဝါး Happy Water ၂ ကီလို၊ Happy-5 ဆေးပြား ၁၆၀၀၀၊ အက်တက်စီအမှုန့် ၉ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ် အဖက်တမင်း) ၁၄၁ ကီလို၊ ကက်တမင်း ၂၃ ကီလို၊ အက်တက်စီဆေးပြား ၁၂၈၀၀၀ ၊ Happy Water ၂ ကီလို၊ Happy-5 ဆေးပြား ၁၆၀၀၀၊ အက်တက်စီအမှုန့် ၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# သဃ်န်းကျွန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံးခန်း၌ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်စိုးက သမဝါယမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကိုရှင်းလင်းသည်။

ဆက်လက်၍ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်း၏ဘဏ္ဍာရေးရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဦးကျော်သောင်းက ဖတ်ကြားတင်ပြပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းဝင်ကိုယ်စားလှယ်များက သဘောတူညီကြသဖြင့် သဘာပတိက အတည်ပြုပေးခဲ့သည်။ **အာကာလင်း**



**❍ ကျောဖုံးမှ**

ပွဲပြီးကတည်းက ဒီပွဲအတွက် သေချာလေးပြင်ဆင်ထားပါတယ်။ လက်ရှိမှာ ဒဏ်ရာရ ကစားသမားတွေလည်း မရှိပါဘူး။ တိုက်စစ်ပိုင်းက ဂိုးရဖို့ ခက်ခဲနေတာကိုလည်း ပြင်ဆင်ထားသလို ဝင်းနိုင်ထွန်းအသင်းနဲ့ လာရောက်ပူးပေါင်းတာက အသင်းအတွက် ခွန်အားတစ်ရပ်ဖြစ်စေပါတယ်။ လာအိုအသင်းက ခြေစွမ်းပိုင်းတိုးတက်လာတဲ့ အသင်းဖြစ်လို့ မနက်ဖြန်ပွဲက ခက်ခဲမှာပါ။ ပရိသတ်တွေအနေနဲ့ အင်ဒိုနီးရှားနဲ့က ပွဲလိုပဲ မနက်ဖြန်ပွဲမှာ လာရောက်အားပေးကြည့်ရှုမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။ မြန်မာ့လက်ရွေးစင်အသင်းအသင်းခေါင်းဆောင် သီဟဇော်က " ရှေ့က နှစ်ပွဲမှာလိုချင်တဲ့ရလဒ် မရခဲ့တာရှိတယ်။ ဒါပေမယ့် ဘယ်အချိန်ပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ ကြိုးစားအားထုတ်မှုက လျော့ကျမသွားပါဘူး။ ကျွန်တော်တို့ပရိသတ်တွေအတွက် အမြဲတမ်းကြိုးစားနေမှာပါ"ဟု ပြောကြားသည်။ လာအိုလက်ရွေးစင်အသင်းနည်းပြချုပ် ဟာဟေးဂျွန်က "ကျွန်တော် မြန်မာအသင်းမှာ လက်ထောက်နည်းပြ၊ကြံ့ခိုင်ရေးနည်းပြ အဖြစ်နဲ့ တာဝန်ယူခဲ့ဖူးပါတယ်။ ၁၁ နှစ်ကြာအပြီးမှ မြန်မာနိုင်ငံကို လာအိုအသင်းနည်းပြချုပ်အနေနဲ့ ပြန်လည်ရင်ဆိုင်ရတာ စိတ်လှုပ်ရှားစရာကောင်းသလို ဒီမှာရှိတဲ့ MFF က တာဝန်ရှိသူတွေနဲ့ ပြန်တွေ့ရတာလည်း ဝမ်းသာစရာပါ။ ဒါပေမယ့် မနက်ဖြန်ပွဲကိုတော့ ရလဒ်ကောင်းရဖို့ စနစ်တကျပြင်ဆင်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် လာအိုအသင်းသည် ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အထူးတန်း ငွေကျပ်ငါးထောင်၊ ရိုးရိုးတန်း ငွေကျပ်နှစ်ထောင် သတ်မှတ်ထားကာ ပရိသတ်များအတွက် အပြန်ဘတ်စ်ကားများ စီစဉ်ပေးထားသည်။ ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါနေပြီး မြန်မာအသင်းက နောက်တစ်ဆင့်တက်ရေးနှင့် အုပ်စုအောက်ဆုံးမှ ရုန်းထွက်နိုင်ရေး အကောင်းဆုံးအခွင့်အရေးဖြစ်နေသလို လာအိုအသင်းမှာလည်း နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲကစား တစ်မှတ်၊ လာအိုအသင်းသည် သုံးပွဲကစား နှစ်မှတ်ရရှိထားခြင်းဖြစ်သည်။ မြန်မာ အသင်းနှင့် လာအိုအသင်းသည် ၂၀၂၂ ပြိုင်ပွဲ အုပ်စုအဆင့်တွေ့ဆုံရာတွင် နှစ်ဂိုးစီသရေကျခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့်စက်မှုလုပ်ငန်းများတိုးတက်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**
ပို့ကုန် နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အတွက် လက်ရှိပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်ပို့နိုင်ရေးကို လမ်းညွှန်မှုပြုထားကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဧပြီလမှ နိုဝင်ဘာလအထိ ပို့ကုန်လျာထားချက်၏ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ ကျန်ကာလအတွင်း လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ရမည့်အပြင် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများတိုးတက်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အဓိကစိုက်ပျိုးထွက်ရှိသည့်



ဒေသထွက်သီးနှံများ One Region One Product – OROP အလိုက် ထုတ်လုပ်တင်ပို့နိုင်ရေးသည် အဓိကကျပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန် နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ပို့ကုန်ကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပို့ကုန်တင်ပို့မှုဆိုင်ရာညီနောင်အသင်းအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပို့ကုန်တင်ပို့နိုင်မည့်အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ် စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ပနိုင်ငံများရှိ စီးပွားရေးသံမှူးများက အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် ကြိမ်၊ ဝါး ပေါများစွာထွက်ရှိသည့် အရပ်ဒေသဖြစ်၍သဘာဝထွက်ကုန်များအပေါ်အခြေခံကာ အသုံးအဆောင်ပစ္စည်းများစွာ ထုတ်လုပ်နိုင်သည့်အတွက် ဒေသတစ်ခုတည်း ဈေးကွက်မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကြိမ်၊ ဝါး အခြေခံသည့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နည်းပညာကို တတ်မြောက်စေရန် ကျွမ်းကျင်သည့်လက်မှုပညာရှင်များဖိတ်ခေါ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တတ်စေရန် သင်ကြားပေးသွားမည် ဖြစ်၍ ကြိုးစားစွာ လေ့လာသင်ယူစေလိုကြောင်းနှင့် မိသားစုများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုလို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသူ သင်တန်းသားများအား သင်တန်းအထောက်အကူပြု လုပ်ငန်းသုံးပစ္စည်းများကို လည်းကောင်း၊ သင်တန်းနည်းပြအတွက် ဂုဏ်ပြုချီးမြှင့်ငွေအား လည်းကောင်း ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းနည်းပြတစ်ဦးက ကြိမ်၊ ဝါးအခြေခံ လက်မှုထည်ထုတ်လုပ်မှုနှင့် သင်ကြားပေးသွားမည့် သင်တန်း အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားရာ သင်တန်းတွင် သင်ကြားပေးသွားမည့် လက်မှု အသုံးအဆောင်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် MSME လုပ်ငန်းများ တိုးပွားလာစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၁၃၉ ကြိမ်၊ သင်တန်းသား သင်တန်းသူ ၂၃၇၈ ဦးအား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**အထက်မင်းလှ ဒီဇင်ဘာ ၁၇**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှကြီးမှူးဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကုန်းကြီးကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က



အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်စိုးလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၂၄)တွင် သင်တန်းသား ၅၀ အား ဒီဇင်ဘာ ၁၆ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# အမရပူရ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တစ်ဧက ၈၄ တင်းကျော်ထွက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၇**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက တောတွင်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၆၅) ကွင်းအမည် တောတွင်ကွင်း ဦးပိုင်အမှတ် (၁၈/၂)၊ ဧရိယာ ၂ ဒသမ ၅၀ ဧကရှိ တောင်သူ ဒေါ်ခင်မာထွေး လယ်မြေပေါ်တွင် စိုက်ပျိုးထားရှိသော မိုးစပါး (ဧရာမင်း) စံကွက်ရိတ်သိမ်းခြင်းကို ဆောင်ရွက်သည်။



အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ အမရပူရမြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးဆယ်တင်နှင့် ဝန်ထမ်းများ၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းရေး အဖွဲ့ဝန်ထမ်းများက စံကွက်ကို ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါစံကွက်မှ တစ်ဧကလျှင် အစိုအထွက်တင်း ၈၄ ဒသမ ၆၄ တင်းထွက်ရှိကြောင်း အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သက်တော်ရှည် လူမှုစီးပွားဖွံ့ဖြိုးရေး အဖွဲ့အစည်း

K ဇင်သစ် (မန်းတက္ကသိုလ်)

**ကိုလိုနီအစိုးရ လက်ထက်ကတည်းက တည်ရှိပေါ်ပေါက်လာခဲ့သည့် အခြေခံပြည်သူများ၏ လူမှုရေးကို ရှေ့တန်းတင်ပြီး စုပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေး လုပ်ငန်းတွင် အရှုံးမပေါ်အောင် ဆောင်ကြဉ်းခဲ့သော သက်တော်ရှည်လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့အစည်းဟုဆိုလျှင် "သမဝါယမအဖွဲ့အစည်း" ပဲရှိသည်ဟု တင်စားနိုင်မည် ဖြစ်သည်။**

Co-operative Institution **"သမဝါယမအဖွဲ့အစည်း"** သည် နှစ်လွှာပေါင်းထားသည့် စွယ်တော်ရွက်ပမာရှိနေခြင်းကြောင့် သက်တမ်းရာကျော်ခဲ့သည်ဟု ဆိုချင်ပါသည်။ သမဝါယမဌာနနှင့် သမဝါယမအသင်းတို့၏ ဒွန်တွဲတည်ရှိခဲ့ခြင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ ခိုင်မာသည့် မူဝါဒများကို သူ့တာ ကိုယ့်စည်းဟန်ချက်ညီစွာ ကြိုးပမ်းချမှတ်အကောင်အထည်ဖော်ခဲ့ခြင်း၏ ရလဒ်ကောင်းပမာရှိခဲ့ကာ ဝေဖန်သံတွေကြားက ရှင်သန်နိုးထလာခဲ့သည့် သမဝါယမအဖွဲ့အစည်းကား ယခုဆိုလျှင် သက်တမ်း နှစ် (၁၂၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၌ ၂၄-၃-၁၉၀၄ ရက်နေ့တွင် သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းအက်ဥပဒေအရ အစိုးရသမဝါယမမင်းကြီး ခန့်အပ်တာဝန်ပေးရန် ဖော်ပြပါရှိခဲ့ခြင်းကြောင့် ၁၉၀၄ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသမဝါယမဌာနကို မေမြို့ (ပြင်ဦးလွင်)၌ ဖွင့်လှစ်ခဲ့ကာ ယင်းတွင် တာဝန်ထမ်းဆောင်ရန် မစ္စတာ ဖီးလ်ဒင်းဟော(လ်) Mr.Fielding Hall ကို ပထမဦးဆုံး သမဝါယမမင်းကြီးအဖြစ် ခန့်အပ်ခဲ့ပါသည်။

အဆိုပါ အက်ဥပဒေအရ ဖွဲ့စည်းထားသည့်ငွေစုငွေချေးသမဝါယမအသင်းများကို အိန္ဒိယနိုင်ငံတော်အစိုးရမှ ငွေတစ်ရာ တစ်နှစ် ၆ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် ငွေကျပ် ၅၀၀၀၀ ထုတ်ချေးခဲ့ပါသည်။ သမဝါယမအသင်းများက အသင်းဝင် (အသင်းသား) များကို ၁၂ ရာခိုင်နှုန်းဖြင့် ထုတ်ချေးဆောင်ရွက်ခဲ့ခြင်းဖြင့် ထိုစဉ်က ကျေးလက်နေတောင်သူလယ်သမားများ၏ အတိုးနှုန်းကြီးမြင့်စွာ ချေးငှားရယူခဲ့ခြင်းကို ကူညီဆောင်ရွက်ပေးခဲ့ခြင်းသည် သမဝါယမများသာဖြစ်သည်ဟု သမိုင်းမှတ်တမ်းတင်ခဲ့သည်မှာ ငြင်းဖွယ်မရှိပေ။

၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင်စစ်ကိုင်းခရိုင် မြင်းမူသမဝါယမငွေစုငွေချေးအသင်း ဖွဲ့စည်းခဲ့သည်မှစ၍ လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခု မားမားမတ်မတ် ပေါ်ပေါက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပေသည်။ ၁၉၀၅ ခုနှစ် နှစ်ကုန်အထိ သမဝါယမငွေစုငွေချေးအသင်း ကိုးသင်းအထိ ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသား သမဝါယမ ဝန်ထောက်မင်း ဦးမောင်မောင်ပြား (A.T.M, C.I.E, M.B.E) သည် ဗြိတိသျှအစိုးရ၏ မင်းမှုထမ်းခန့်အပ်ခံရပြီး အင်္ဂလိပ်စကားလုံး Coo-perative ကို "သမဝါယမ"ဟု မြန်မာမှုပြုခဲ့သူ မြန်မာ့သမဝါယမ ဦးဆောင်သူတစ်ဦးလည်း ဖြစ်ပါသည်။

၁၉၀၈ ခုနှစ်တွင် ကျေးလက်သမဝါယမငွေစုငွေချေးအသင်း ၇၂ သင်း၊ ၁၉၁၅ ခုနှစ် ၁၂၅၂ သင်း၊ ၁၉၂၀ ပြည့်နှစ်တွင် ၃၃၁၉ သင်း၊ ၁၉၂၅ ခုနှစ်တွင် ၄၁၅၇ သင်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထိုစဉ်ကတည်းက သမဝါယမဌာနသည် အသင်းများကို စည်းရုံးဖွဲ့စည်း မှတ်ပုံတင်ပေးခြင်း၊ စစ်ဆေးခြင်းနှင့် ထိန်းကျောင်းတည့်မတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဦးလည်မသုန်ရွက်ဆောင်ခဲ့သည့် သမဝါယမအဖွဲ့အစည်းကြီးအတွက် ၁၉၀၄၊ ၁၉၁၂၊ ၁၉၂၇၊ ၁၉၅၆၊ ၁၉၇၀ နှင့် ၁၉၉၂ ခုနှစ်တို့တွင် အက်ဥပဒေ၊ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများလည်း ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

> **"သမဝါယမဦးစီးဌာနအနေဖြင့် စပါး၊ ဆီထွက်သီးနှံ၊ ဝါသီးနှံစိုက်ပျိုးခြင်းနှင့် နွားမွေးမြူရေး လုပ်ကိုင်သူတို့ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့စိုက်ပျိုးမွေးမြူနိုင်ရေးအတွက် ပြည်ထောင်စုဘတ်ဂျက်၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဘတ်ဂျက်နှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှရရှိသော အကူအညီ အထောက်အပံ့တို့ကို ရရှိနိုင်ရေး ဘတ်ဂျက်လျာထားခွင့်ပြုမိန့် တောင်းခံဆောင်ရွက်ပြီး သမဝါယမအသင်းများအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထူထောင်ပေးသွားနိုင်ရေးနှင့် စပါးသီးနှံ၊ ဆီထွက်သီးနှံ၊ ဝါသီးနှံတို့အတွက် တစ်ကေလျှင် ကျပ် နှစ်သိန်းနှင့်ညီမျှသည့် မျိုးနှင့် သွင်းအားစုပစ္စည်းများရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဒေသနွား၊ နို့စားနွားမွေးမြူသူများအား မွေးမြူသည့် အကောင်ရေပေါ်မူတည်၍ ဒေသပေါက်ဈေးနှုန်းအလိုက် ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိနေခြင်းကြောင့် ဘိုးသက်ရှည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီးအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေပေဦးတော့မည်"**

၁၉၂၃ - ၁၉၂၅ ခုနှစ်ဝန်းကျင်တွင် ခရိုင်အလိုက် သမဝါယမဗဟိုဘဏ်များ တစ်ဟုန်ထိုးပေါ်ပေါက်ခဲ့ပြီး ၁၉၂၅ ခုနှစ်အထိ ဖွဲ့စည်းခဲ့သည့် သမဝါယမအသင်း/ဗဟိုဘဏ် ၄၁၅၇ သင်းမှာ ကိုလိုနီခေတ်တစ်လျှောက် အမြင့်မားဆုံးဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ၁၉၀၄ ခုနှစ် သမဝါယမအက်ဥပဒေတွင် ငွေကြေးအသင်းများသာ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အခြားသော ရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၉၁၂ ခုနှစ် သမဝါယမအက်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ငွေကြေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရန် မြန်မာနိုင်ငံတွင် ၁၉၂၇ ခုနှစ် သမဝါယမအသင်းအက်ဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ ၁၉၂၉ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပျက်ကပ်ကြီး၏ ရိုက်ခတ်မှုကြောင့် သမဝါယမဘဏ်များ ဒေဝါလီခံခဲ့ရသည့်တိုင် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရယူကာ သမဝါယမအသင်းများ ရှင်သန်ရပ်တည်ခဲ့ကြရပါသည်။

၁၉၀၄ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ နယ်ချဲ့အစိုးရသည် သမဝါယမဌာနမင်းကြီးများအဖြစ် Mr Fielding Hall, မှစ၍ Mr.R.K. Hanper အဆုံး နိုင်ငံခြားသား ရှစ်ဦးကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ ၁၉၃၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံသား သမဝါယမမင်းကြီး ဦးဘိုတင်ကို စတင်ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး မြို့ရော ကျေးလက်ပါမကျန် သမဝါယမလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ၁၉၃၅ ခုနှစ်တွင် သမဝါယမဌာနမင်းကြီး ဦးတင်ကြီး၏ သမဝါယမပြုပြင်ရေးစီမံကိန်းကို ပြည်သူများ နှစ်ခြိုက်ခဲ့ကြသည်။ နယ်ချဲ့အစိုးရခေတ် ဦးတင်ကြီး၏ သမဝါယမစီမံကိန်းသည် အစိုးရကလည်း နှစ်ခြိုက်သလို ပြည်သူများကလည်း သမဝါယမအပေါ် ယုံကြည်အားထားခဲ့ကြပါသည်။

၁၉၃၀ ပြည့်နှစ်တွင် ၁၂၉၂ သင်း၊ ၁၉၃၅ ခုနှစ်တွင် ၁၃၇၁ သင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ၁၂၇၃ သင်း ဖွဲ့စည်းတည်ရှိခဲ့ပြီး ဂျပန်ခေတ်ကာလတွင် သမဝါယမလုပ်ငန်းများ အနည်းငယ် ရပ်တန့်ခဲ့သော်လည်း သမိုင်းအထောက်အထားများအရ အသင်းသစ် ၂၅၀ တိုးချဲ့ဖွဲ့စည်းနိုင်သည်ဟု သိရှိရပါသည်။ တက္ကသိုလ်သမဝါယမအသင်း၊ စားသုံးသူ သမဝါယမအသင်း (ကွန်ကိုး)အသင်းများ ဖွဲ့စည်းခဲ့ကြပြီး စားသုံးသူ ပြည်သူလူထုကြီး၏ အားထားရာ ဖြစ်ခဲ့သည်။ ထိုစဉ်က သမဝါယမသည်လည်း ပြိုးပန်းတလူလူ ပွင့်ခဲ့သည်ပဲ မဟုတ်ပါလား။ ၃၁-၁၂-၁၉၄၈ ရက်နေ့တွင် ကွန်ကိုးအသင်း ၇၁၅၇ သင်း၊ အသင်းဝင်(သား) ဦးရေ ၃ ဒသမ ၅ သန်း၊ အစုရင်းနှီးငွေကျပ် ကိုးသန်းရှိခဲ့ပါသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် မေလ ၁၆ ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပသည့် ဖဆပလအဖွဲ့ချုပ်၏ ဒုတိယမြောက်ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးတွင် **"တိုင်းပြည်အနှံ့အပြားမှာ သမဝါယမလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အချိန်သင့်နေပါပြီ။ လုံးလုံးလျားလျား လျော်ကန်နေပါတယ်။ ဒီလုပ်ငန်းဟာ ကျုပ်တို့ ပြည်သူတွေရဲ့ နှလုံးသားထဲကို ပူးပေါင်းဆောင်ရွက်လိုစိတ်တွေ သွင်းပေးပါလိမ့်မယ်။ ဒါတင်မကသေးဘူး ကျစ်ကျစ်လျစ်လျစ် သုံးစွဲတတ်မှု၊ ကိုယ်ထူကိုယ်ထလုပ်မှု၊ တီထွင်ဖန်တီးကြိုးပမ်းတတ်မှုတွေ ရှိလာအောင်လည်း အားပေးအားမြှောက် ပြုပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့တိုင်းပြည်မှာ အရင်းအနှီး သိပ်ရှားပါးနေချိန်မှာ သမဝါယမလုပ်ငန်းဟာ တိုင်းပြည်ရဲ့ သာယာဝပြောရေးကို မြှင့်တင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းပဲ ဖြစ်တယ်ဆိုတဲ့ အကြောင်း၊ အဆုံးမှာတော့ အရင်းအနှီးကို ဖန်တီးပေးတဲ့နေရာဟာ လုပ်အားပဲ။ တို့ရဲ့ လုပ်အားပဲဖြစ်တယ်ဆိုတဲ့ အကြောင်းတွေကို ပြည်သူတွေက အလုပ်လုပ်ရင်း သိလာ၊ နားလည်လာမှာ ဖြစ်လို့ပါပဲ"** ဟု မိန့်ကြားခဲ့ပါသည်။

လွတ်လပ်ရေးမရခင်ကာလအထိ သမဝါယမဌာနသည် လယ်ယာဌာနချုပ်ကြီး/လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအောက်တွင်တည်ရှိခဲ့ပြီး ထိုခေတ်အခေါ်အဝေါ်များအရ မင်းကြီး တစ်ဦး၊ တွဲဖက်သမဝါယမမင်းကြီး တစ်ဦး၊ အသင်းဝန် ငါးဦး၊ သမဝါယမဝန်ထောက် ၁၆ ဦး၊ မြို့နယ်သမဝါယမအရာရှိ ၁၀၂ ဦး၊ ရုံးဝန်ထောက် တစ်ဦး၊ ဌာနစိတ်စာရေးကြီး လေးဦး၊ လက်ရေးတို တစ်ဦး၊ အထက်တန်းစာရေး ငါးဦး၊ အောက်တန်းစာရေး ၁၇၇ ဦး၊ စာရင်းစစ် ၁၂၁ ဦး၊ ကြီးကြပ်သူ ၁၄၇ ဦး၊ စာတွဲထိန်း တစ်ဦး၊ မင်းစေ ၁၂၅ ဦး ဟူ၍ ဝန်ထမ်းအင်အား ၇၀၇ ဦး ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သမဝါယမလုပ်ငန်းများ စတင်ပေါ်ပေါက်ခဲ့သည်မှစ၍ သမဝါယမဌာနနှင့် အသင်းအဆင့်ဆင့်တို့ ပူးပေါင်းပါဝင်သည့် နှီးနှောဖလှယ်ပွဲ၊ ညီလာခံများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးချိန်များတွင် နှစ်စဉ်ကျင်းပခဲ့ကာ အဆိုပါ နှီးနှောဖလှယ်ပွဲ၊ ညီလာခံများ၏ ဆုံးဖြတ်ချက်များကို ဌာနနှင့်အသင်းအဆင့်ဆင့်တို့က ဟန်ချက်ညီညီ တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြ၍ လူမှုစီးပွား ဖွံ့ဖြိုးရေးအဖွဲ့ကြီး သက်တမ်းရာကျော်တိုင် ရှင်သန်ရပ်တည်နိုင်ခဲ့သည်ဟု ဆိုချင်ပါသည်။

လွတ်လပ်ရေးရပြီး (၁၅- ၂၀ . ၁ . ၁၉၅၀ ရက်နေ့) တွင် ပထမအကြိမ်မြောက် ပြည်လုံးကျွတ်သမဝါယမညီလာခံကြီးကို ကျင်းပခဲ့ပြီး "သမဝါယမ (၅)နှစ်စီမံကိန်း"ကို အတည်ပြုကာ သမဝါယမလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ခဲ့ခြင်းကြောင့် ၁-၄-၁၉၅၀ ရက်နေ့တွင် သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာနကို ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ **"ပြည်ထောင်စုသမဝါယမကောင်စီ"** ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

၁၉၅၀ ခုနှစ် ဝန်ကြီးဌာနအောက်ရှိ သမဝါယမဌာနတွင် သမဝါယမမင်းကြီး တစ်ဦး အပါအဝင် အစိုးရခန့်ဝန်ထမ်း ၁၈၉၅ ဦးအထိ ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ တော်လှန်ရေးကောင်စီခေတ်တွင်လည်း ဆန်စပါး၊ ဝါဂွမ်း၊ ကြံ၊ ငါး စုပေါင်းရောင်းချရေးလုပ်ငန်းများကို ပြည်သူ့အရေး ရှေ့တန်းတင်၍ ငွားငွားစွင့်စွင့် ဆောင်ရွက်မှုများက ဘိုးသက်ရှည်အဖို့ ပီတိဖုံးစေခဲ့ပါသည်။ ၂၆-၃-၁၉၆၂ ရက်နေ့တွင် ယခင်သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေး ဝန်ကြီးဌာနကို ထောက်ပံ့ရေးနှင့် သမဝါယမဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် နယ်သစ်သမဝါယမအသင်းများကို လွယ်ကူစွာ ကြီးကြပ်ကွပ်ကဲအုပ်ချုပ်နိုင်ရန် သမဝါယမဌာနတွင် နယ်သစ်ဖွင့် သမဝါယမဌာနခွဲတစ်ခုကို သီးသန့်ဖွဲ့စည်းထားကြောင်းလည်း လေ့လာသိရှိရပါသည်။

၁-၆-၁၉၇၁ ရက်နေ့တွင် သမဝါယမညွှန်ကြားရေးဌာန (နောင်တွင် သမဝါယမဦးစီးဌာန)ကို ဝန်ထမ်း ၂၀၀၄၀ ခွင့်ပြုအင်အားဖြင့် ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ၃၀-၉-၁၉၇၃ ရက်နေ့တွင် သမဝါယမဝန်ကြီးဌာနအဖြစ် သီးခြားဖွဲ့စည်းခဲ့ပြီး ပထမဦးဆုံးဝန်ကြီးမှာ ဦးဘညိမ်း ဖြစ်ပါသည်။ ၈-၁-၁၉၇၅ ရက်နေ့တွင် ဗဟိုသမဝါယမအသင်း စတင်ဖွဲ့စည်းခဲ့ပြီး သမဝါယမဦးစီးဌာနနှင့် ညှိနှိုင်းချိတ်ဆက်၍ သမဝါယမပညာပေးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ သမဝါယမ ပညာပေးရေးလုပ်ငန်းများ အထောက်အကူပြုစေမည့် သင်တန်းကျောင်းများသည် ယခုအချိန်တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် နှစ်ခု၊ သမဝါယမကောလိပ် နှစ်ခု၊ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း ငါးကျောင်းတို့ ဖွဲ့စည်းထူထောင်ထားပါသည်။

၂၀-၆-၂၀၁၁ ရက်နေ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **"ဒီလုပ်ငန်းကို အကောင်အထည်ဖော်တဲ့အခါ အစုအဖွဲ့စုဖွဲ့မှုက အဓိကအကျဆုံးဖြစ်ပါတယ်။ မြို့နယ်နဲ့ ကျေးရွာတွေမှာ စိတ်တူကိုယ်တူတွေ စုစည်းပြီး အစုအဖွဲ့နဲ့ အကျိုးတူလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ပြီး**

*စာမျက်နှာ ၁၁ သို့*

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြောင်းမြမြို့နယ် ပညာပျိုးပင်စာကြည့်တိုက် အဆောက်အအုံတက်ရောက်ဖွင့်လှစ်

**မြောင်းမြ ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မြောင်းမြမြို့နယ် မဒေါ့ပင်စံပြကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီက လှူဒါန်းသည့် သိန်း ၁၅၀၊ အလှူရှင်များက လှူဒါန်းငွေ ၄၂ သိန်း စုစုပေါင်း ၁၉၂ သိန်းဖြင့် ဆောက်လုပ်သည့် ပညာပျိုးပင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းနှင့် မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးတို့က ပညာပျိုးပင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်မိုးက လက်ခံယူပြီး မဒေါ့ပင်စံပြကျေးရွာ ရွှေပြည်အောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလက စာအုပ်စာစောင်၊ ပရိဘောဂနှင့် ဆိုလာပြားကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီအဖွဲ့ အတွင်းရေးမှူး ဦးထိန်လင်းက လက်ခံယူခဲ့ကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ IT နှင့် ဆက်စပ်ပစ္စည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူကိုကိုက ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဒေါ်အေးသန္တာစိုးက လက်ခံယူသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ၊ ပရိဘောဂများ ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**

---

*စာမျက်နှာ ၁၀ မှ*

**နောင်မှာအစုအဖွဲ့အဆင့်ကနေ ကျေးရွာသမဝါယမအသင်းတွေ အသွင်ကို လူထုယုံကြည်မှုရချိန်မှာ ပြောင်းလဲဖွဲ့စည်းခြင်းကို စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြို့နယ်မှာစုဖွဲ့မယ့် မြို့နယ်အစုအဖွဲ့က နောင်တစ်ချိန်မှာ မြို့နယ် သမဝါယမအသင်းစုတွေနဲ့ ကျေးရွာမှာစုဖွဲ့မယ့် ကျေးရွာအစုအဖွဲ့ဟာ နောင်တစ်ချိန်မှာကျေးရွာ သမဝါယမအသင်းခွဲတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေကို နောင်နှစ်နှစ်ခန့်ကြာတဲ့အခါမှာ ကူးပြောင်းသွားနိုင်ဖို့ သမဝါယမဝန်ကြီးဌာနက ချမှတ်ထားတဲ့ စုဖွဲ့မှုပုံစံနဲ့ စိတ်တူကိုယ်တူ ပူးပေါင်းလုပ်လိုသူများက အများသဘောတူအစုဝင်ငွေများ ထည့်သွင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်”ဟု မှာကြားခဲ့ဖူးပါသည်။**

၇-၉-၁၉၉၃ ရက်နေ့တွင်ဗဟိုသမဝါယမအသင်းသည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (ICA) တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံတစ်ဝန်း သမဝါယမနေ့ လှုပ်ရှားမှုများအဖြစ် နှစ်စဉ် ဇူလိုင်လပထမပတ် စနေနေ့တိုင်း ကျင်းပလာခဲ့သည်မှာ နှစ် ၃၀ ပြည့်ခဲ့ပြီလည်း ဖြစ်ပါသည်။ INGO များ၊ နိုင်ငံတကာ သမဝါယမအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဗဟိုသမဝါယမအသင်းကြီးသည် သမဝါယမဦးစီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ယနေ့တိုင်လည်း စွယ်တော်ရွက်ပမာ တည်ရှိနေခြင်းကြောင့် ဘိုးသက်ရှည်လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့အစည်းအတွက် ရှင်သန်ရပ်တည်ခွင့်ကောင်းများ တရိပ်ရိပ်တိုးတက်နေသည့်အလား တွေ့ရမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ သမဝါယမဝန်ကြီးဌာနအောက်တွင် သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ယခင်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန)နှင့် သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန(ယခင် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း)တို့ တည်ရှိခဲ့ပါသည်။

၂၀၁၄-၂၀၁၅ မှ ၃၁-၁၂-၂၀၁၉ ကာလအတွင်း သမဝါယမအသင်းများအနေဖြင့် ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်း၊ အသင်းအရောင်းဆိုင်၊ ကုန်ထုတ်လုပ်ငန်း၊ ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်နေကြသကဲ့သို့ ဌာနဆိုင်ရာ ငွေစုငွေချေး၊ ဈေးသမဝါယမများက ငွေစုငွေချေးလုပ်ငန်းများ၊ စက်မှုလယ်ယာစနစ်ဖော်ဆောင်ရေး၊ လယ်ယာသွင်းအားစု ရောင်းချရေး၊ စက်ကိရိယာများ အရစ်ကျရောင်းချပေးခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို အသင်းသားများ၏ အစု၊ စုဆောင်းငွေ၊ အသင်းပိုင်ရန်ပုံငွေ၊ နိုင်ငံခြားချေးငွေများဖြင့် စုစုပေါင်းကျပ် ၆၂၆ ဒသမ ၂၀၆ ဘီလီယံခန့်ကို သမဝါယမအသေးစား အရင်းအနှီးချေးငွေအဖြစ် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိခြင်းသည် ကျေးလက်နေတောင်သူဦးကြီးများအတွက် လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့ကြီးက တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးခဲ့သည်ကလည်း မှတ်တမ်းအဖြစ် တည်ရှိနေဦးမည်။ ၃၀-၃-၂၀၁၆ ရက်နေ့တွင် သမဝါယမဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန သုံးခုကိုပေါင်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းကြောင့် သမဝါယမဦးစီးဌာနသည် အဆိုပါဝန်ကြီးဌာနအောက်သို့ ရောက်ရှိခဲ့ပါသည်။

၃၀-၁၁-၂၀၁၉ ရက်နေ့ရှိ ဖွဲ့စည်းထားသည့် သမဝါယမအသင်း အရေအတွက်မှာ ကုန်ထုတ် ၃၂၈၉၁ သင်း၊ ကုန်သွယ် ၃၁၅၉ သင်း၊ ဝန်ဆောင် ၄၁၄၂ သင်း စုစုပေါင်း ၄၀၁၉၂ သင်းတွင် တာဝန်ထမ်းဆောင်နေသည့် BOD ၁၈၂၈၀ (ထောက်ပံ့ကြေးယူ)၊ အသင်းဝန်ထမ်း ၄၈၄၄ ဦးနှင့် သမဝါယမ ဦးစီးဌာနတွင် ဝန်ထမ်း ၅၆၇၄ ဦး ခန့်အပ်ထားခြင်းတို့မှာ လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့အစည်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြပါသည်။

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရေးနှင့် ဝင်ငွေတိုးပွားလာစေရေးကို ဦးတည်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၇-၆-၂၀၂၁ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပေးခဲ့ခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိသမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့သည် ဝန်ကြီးဌာနအသစ်အောက်တွင် တည်ရှိလာခဲ့ရပြန်ပါသည်။ ယနေ့ဆိုလျှင် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပါ ဝန်ကြီးဌာနအောက်သို့ ဖွဲ့စည်းတည်ရှိနေခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဌာနလေးခု ညှိနှိုင်းပေါင်းစပ်၍ အကောင်အထည်ဖော်နေကြသည်ကလည်း အားရကျေနပ်ဖွယ်ရှိနေပါသည်။

၂၉-၇-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **ခေတ်အဆက်ဆက်၌ အစိုးရများအနေဖြင့် စီးပွားရေးစနစ်အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့ စနစ်တစ်ခုဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရက ပါဝင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းနှင့် အစိုးရက ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သမဝါယမစနစ်သည် သင့်လျော်သည့် စနစ်တစ်ခုဖြစ်ကြောင်း၊** ထို့ကြောင့်သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို မျိုး၊ မြေ၊ ရေ၊ နည်း လေးချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်သွားစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

အလားတူ ၇-၈-၂၀၂၄ ရက်နေ့က ကျင်းပပြုလုပ်သော သီးနှံတိုးချဲ့ စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော် ဝန်ကြီးချုပ်က တင်ပြချက်များအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် အရင်းအနှီးနှင့် စုပေါင်းပြီး ဆောင်ရွက်သည့်စနစ်များ လိုအပ်ကြောင်း၊ သမဝါယမစနစ်ဖြင့်ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ကြောင်း၊ အစုအဖွဲ့များဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အတူတကွ စုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဖြင့် စိုက်ပျိုးပြီး ဆီထွက်သီးနှံများမှ ထွက်ရှိလာသည့်ဆီများကို ဒေသတွင်းအပြင် အခြားပြင်ပ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ရောင်းချပေးနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး သမဝါယမအသင်းအဖွဲ့များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ ဒေသန္တရမွေးမြူရေးကို စနစ်တကျဖြင့် မွေးမြူနိုင်အောင် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ အဆိုပါ မွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ခြင်းကြောင့် ဘိုးသက်ရှည် လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့ကြီးအနေဖြင့် အနာဂတ်တွင် ပြည်သူများအတွက် များစွာအလုပ်အကျွေးပြုနေဦးမည်ဟု ဆိုပါရစေ။

သမဝါယမဦးစီးဌာနအနေဖြင့် စပါး၊ ဆီထွက်သီးနှံ၊ ဝါသီးနှံစိုက်ပျိုးခြင်းနှင့် နွားမွေးမြူရေးလုပ်ကိုင်သူတို့ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့စိုက်ပျိုးမွေးမြူနိုင်ရေးအတွက် ပြည်ထောင်စုဘတ်ဂျက်၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဘတ်ဂျက်နှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ရရှိသော အကူအညီအထောက်အပံ့တို့ကို ရရှိနိုင်ရေး ဘတ်ဂျက်လျာထားခွင့်ပြုမိန့် တောင်းခံဆောင်ရွက်ပြီး သမဝါယမအသင်းများအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထူထောင်ပေးသွားနိုင်ရေးနှင့် စပါးသီးနှံ၊ ဆီထွက်သီးနှံ၊ ဝါသီးနှံတို့အတွက် တစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသည့် မျိုးနှင့် သွင်းအားစုပစ္စည်းများရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဒေသနွား၊ နို့စားနွားမွေးမြူသူများအား မွေးမြူသည့် အကောင်ရေပေါ်မူတည်၍ ဒေသပေါက်ဈေးနှုန်းအလိုက် ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိနေခြင်းကြောင့် ဘိုးသက်ရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီးအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေပေဦးတော့မည် ဖြစ်ပေသည်။

၃၁-၁၀-၂၀၂၄ ရက်နေ့ရှိ သမဝါယမဦးစီးဌာနရုံးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခု၊ မြို့နယ် ၃၀၇ မြို့နယ်တို့တွင် အရာထမ်း ၆၉၂ ဦး၊ အမှုထမ်း ၄၀၂၂ ဦး စုစုပေါင်း သမဝါယမ ဦးစီးဌာနဝန်ထမ်း ၄၇၁၄ ဦး၊ အသင်းဝန်ထမ်း ၈၀၃၃ ဦး၊ အချိန်ပြည့်၊ အချိန်ပိုင်း BOD ၁၂၁၇၆၀ တို့က သမဝါယမအသင်းသား ပြည်သူ ၄ ဒသမ ၁၉ သန်း တို့ ပါဝင်ဖွဲ့စည်းထားသော ဗဟိုသမဝါယမအသင်း တစ်သင်း၊ အသင်းစုချုပ် ၂၂သင်း၊ အသင်းစု ၄၄၈ သင်း၊ အခြေခံသမဝါယမအသင်း ၃၈၁၉၃ သင်း စုစုပေါင်း အသင်း ၃၈၆၆၄ သင်းတို့ဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်နေမှုများသည် နောင်နှစ်ပေါင်း ရာထောင်ကျော် တည်ရှိနေပေဦးမည်ဟု ယုံကြည်မိပါသည်။

သမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာသားငါးထုတ်ကုန်များကို ဈေးကွက်သို့ ချိတ်ဆက်ပေးနိုင်ရေးနှင့် ပြည်သူများ၏ စားဝတ်နေရေး ပိုမိုပြည့်စုံမြင့်မားလာစေအောင် ဖော်ဆောင်နိုင်ရေးအတွက် သမဝါယမဦးစီးဌာနအနေဖြင့် အသင်းအဆင့်ဆင့်တို့နှင့်အတူတူ ဟန်ချက်ညီညီ ပူးတွဲလုပ်ဆောင်ရင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျရောက်မည့် နှစ်(၁၂၀) ပြည့် သမဝါယမဦးစီးဌာန နှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာ ပြည်သူ့အကျိုးထမ်းသယ်ပိုးနေသည့် သက်တော်ရှည် လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့ကြီးအဖြစ် ရပ်တည်နေပေဦးတော့မည်ဟူ၍။ ။

**ကိုးကား**

- **သမဝါယမရာပြည့်မှတ်တမ်း၊ သမဝါယမဦးစီးဌာနစာရင်းအင်းများ။**
- **နေ့စဉ်ထုတ်သတင်းစာများ**



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။





ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

○ *ရွှေဖုံးမှ*

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ **အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို** ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး **အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ တတိယလုပွဲတွင်** ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ - ၁ပွဲ၊ **ဗိုလ်လုပွဲစဉ်တွင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ - ၁ ပွဲဖြင့် အနိုင်ရရှိကာ **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက တတိယဆု**ကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၂ ဂိုး-ဂိုးမရှိ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းကို ၂ ဂိုး-၁ ဂိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး - ၃ ဂိုး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း TC-1 ကရာတေးရုံ၌ ကျင်းပရာ **အမျိုးသား ၆၀ ကီလိုအောက် “ကုမိတဲ့”ပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်မှ အောင်ဇာနည်မင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇင်မင်းမြတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်းဇော်ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ အောင်ချမ်းသာတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၆၇ ကီလိုအောက် “ကုမိတဲ့” ပြိုင်ပွဲ၊** ရှမ်းပြည်နယ်မှ ကျော်ဇင်ဝင်းထွဋ်က ပထမ၊ ကယားပြည်နယ်မှ သိန်းထိုက်ဇော်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းထက်ထွန်းနှင့် ရခိုင်ပြည်နယ်မှ မြတ်သန်းထိုက်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၇၅ ကီလိုအောက် “ကုမိတဲ့” ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ သက်ပိုင်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဧယျာထူးထူးက ဒုတိယ၊ ရှမ်းပြည်နယ်မှ သီဟလင်းဟိန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်းလွင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၅၀ ကီလိုအောက် “ကုမိတဲ့” ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ လင်းစန္ဒာဌေးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ အိမ့်ခြူးမောင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြူဖြူဝင်းနှင့် မန္တလေးတိုင်းဒေသကြီးမှ ဟန်သီရိအောင်တို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ **အမျိုးသမီး ၅၅ ကီလိုအောက် “ကုမိတဲ့” ပြိုင်ပွဲ**တွင် ကယားပြည်နယ်မှ သင်းသင်းယုအောင်က ပထမ၊ ရခိုင်ပြည်နယ်မှ စိုးစိုးစံက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဘောဘီနှင့် ပဲခူးတိုင်းဒေသကြီးမှ လင်းလင်းထက်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပရာ **အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို** ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ **ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးကို ၃ ပွဲ-၁ ပွဲ၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ကျော်ဌေးကို ၃ ပွဲ-၁ ပွဲ၊ **စနူကာ 15 – Red တစ်ဦးချင်းပြိုင်ပွဲတွင်** ကရင်ပြည်နယ်မှ မျိုးသူရအောင်က မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစျာန်ထက်က ကရင်ပြည်နယ်မှ

*စာမျက်နှာ ၁၃ သို့*





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၁၂ မှ*

သက်မှူးကြည်လှိုင်ကို ၃ ပွဲ - ၂ ပွဲဖြင့် လည်းကောင်း၊ **ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးက ရန်ကုန်တိုင်းဒေသကြီးကို ၃ ပွဲ - ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ **စနူကာ 15-Red နှစ်ယောက်တွဲပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲ - ၂ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးအသင်းလိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၃) နှင့် ရွှေကြာပင်အားကစားကွင်းတို့၌လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးအသင်းလိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်ကွင်း၌ လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ အမျိုးသား ၉၆ ကီလိုတန်း ဗိုလ်လုပွဲစဉ်နှင့် အမျိုးသမီး ၆၄ ကီလိုတန်း ဗိုလ်လုပွဲစဉ်**တို့ကို အလေးမရုံ၌လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ**ကို ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ **ထောက်လုပြိုင်ပွဲ** အမျိုးသား/အမျိုးသမီး သောင်းစုပွဲစဉ်၊ အမျိုးသား/အမျိုးသမီး ကျန့်စုပွဲစဉ်၊ အမျိုးသား/အမျိုးသမီး နန်းသောင်းပွဲစဉ်၊ **ဆန်းဆိုပြိုင်ပွဲ** အမျိုးသား ၄၈၊ ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၇၀ ကီလိုတန်းပွဲစဉ်များ၊ အမျိုးသမီး ၄၅၊ ၄၈၊ ၅၂၊ ၅၆၊ ၆၀ ကီလိုတန်းပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး **ထောက်လုပြိုင်ပွဲ အမျိုးသား ထိုက်ချီကျန့်ပွဲစဉ်တွင်** မန္တလေးတိုင်းဒေသကြီးမှ မင်းသုတက ပထမ၊ မကွေးတိုင်းဒေသကြီးမှ လွှမ်းထက်အောင်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ခေတ်မင်းခန့်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ထိုက်ချီကျန့်ပွဲစဉ်တွင်** မကွေးတိုင်းဒေသကြီးမှ နဒီမြင့်မိုရ်အောင်က ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဖူးဝေကိုက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ သက်လမင်းနွေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်း အလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးအသင်းလိုက် တင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။






ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်
ဝန်ကြီးဌာနအလိုက် ၁၇-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ | ၁၀ | ၉ | ၃၂ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၁ | ၇ | ၇ | ၂၅ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၉ | ၈ | ၁၀ | ၂၇ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၁ | ၈ | ၂၆ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၂ | | ၂ | |
| ၁၁ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၂ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၄ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၅ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၆ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၄၆ | ၄၆ | ၄၆ | ၁၃၈ | |

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်
ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက်
၁၇-၁၂-၂၀၂၄ ရက်နေ့ထိဆုရရှိမှုအခြေအနေ

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၃ | ၃၃ | ၃၀ | ၁၂၆ | |
| ၂ | ရှမ်း | ၂၅ | ၂၇ | ၃၄ | ၈၆ | |
| ၃ | စစ်ကိုင်း | ၂၀ | ၁၇ | ၁၉ | ၅၆ | |
| ၄ | မန္တလေး | ၁၈ | ၂၁ | ၃၀ | ၆၉ | |
| ၅ | ကချင် | ၁၄ | ၁၀ | ၁၈ | ၄၂ | |
| ၆ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၇ | မကွေး | ၁၂ | ၁၁ | ၁၅ | ၃၈ | |
| ၈ | ဧရာဝတီ | ၁၁ | ၂၄ | ၂၇ | ၆၂ | |
| ၉ | ပဲခူး | ၆ | ၂၀ | ၂၃ | ၄၉ | |
| ၁၀ | ကရင် | ၆ | ၇ | ၂၆ | ၃၉ | |
| ၁၁ | မွန် | ၅ | ၉ | ၉ | ၂၃ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၈ | ၁၆ | |
| ၁၃ | ရခိုင် | ၃ | ၁၁ | ၁၃ | ၂၇ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | ၁ | ၄ | ၅ | ၁၀ | |
| | စုစုပေါင်း | ၂၀၄ | ၂၀၄ | ၂၇၄ | ၆၈၂ | |

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များက အားပါးတရ ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အလေးမ ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြိုးလွင်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ အတိုက်ကုမိတဲ့ကစားနည်းတွင် မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။





ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေးစဉ်။

# ရိုးရာခြင်းလုံးကစားနည်းကို အရှေ့တောင်အာရှတင်မဟုတ်ဘဲ အာရှအဆင့်ပြိုင်ပွဲတွေမှာ ပါဝင်နိုင်ဖို့ အဘက်ဘက်ကနေ အင်တိုက်အားတိုက် လှုပ်ရှားနေပါတယ်

ဒေါ်ခင်အေးမူ


ဒေါ်ခင်အေးမူ


ဒုအရာခံဗိုလ်မိုးကျော်


စစ်မင်းပိုင်


ဦးအောင်မျိုးသူ


ဇော်လင်းနိုင်


ကိုရွှေရိုး

နေပြည်တော် ဒီဇင်ဘာ ၁၇

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲအသီးသီးမှ အားကစားသမားများ၊ ကြီးကြပ်သူများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်မှ အချို့အား ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**

**ဒေါ်ခင်အေးမူ (ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန) မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး**

မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲမှာ အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲ၊ အမျိုးသားခြောက်ပေါက်တန်း ပြိုင်ပွဲပါတယ်။ ပြိုင်ပွဲတွေကို ဒီဇင်ဘာ ၁၅ ရက်ကနေ ၁၈ ရက်အထိ လေးရက်ကျင်းပမှာပါ။ ပြည်နယ်နဲ့ တိုင်းတွေကနေ အမျိုးသမီး ခုနစ်သင်း၊ အမျိုးသား ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ပြိုင်ပွဲမှာ ဒိုင်အဖွဲ့ဝင် ၂၈ ဦးက တာဝန်ယူဆောင်ရွက်သွားမှာပါ။ ပြိုင်ပွဲမှာ သတိပြုရမယ့်အချက်တွေအနေနဲ့ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ ကွမ်း၊ ဆေးလိပ်၊ တားမြစ်ဆေးဝါးတွေ သုံးစွဲမှုမရှိဖို့ အားကစားသမားတိုင်း ဆင်ခြင်ရပါမယ်။ အထူးသဖြင့် ခြင်းလုံးခတ်ပြိုင်ပွဲဟာ မြန်မာ့ရိုးရာ အားကစားနည်းဖြစ်တဲ့အတွက် အမျိုးသားတွေ နားကပ်ဝတ်ဆင်တာ၊ ဆံပင်တွေ အရောင်ဆိုးတာ ခွင့်မပြုပါဘူး။ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဟာ မြန်မာနိုင်ငံမှာကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ စပြီးတော့ပါတယ်၊ ပြီးရင် စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား စုစုပေါင်း လေးကြိမ်ပါတယ်။ လာမယ့်နှစ် ဆီးဂိမ်းမှာပါဖို့လည်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြိုးစားနေပါတယ်။ မြန်မာပြည်ဆီးဂိမ်းမှာ အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး ရွှေခြောက်ခု၊ စင်ကာပူမှာ အမျိုးသားပွဲကနေ ရွှေနှစ်ခုလုံးယူပါတယ်။ မလေးရှားမှာလည်း အမျိုးသားပွဲကနေ ရွှေနှစ်ခုယူပါတယ်။ ကမ္ဘောဒီးယားမှာ အမျိုးသား၊ အမျိုးသမီးနဲ့ နှစ်ခုပေါင်း mixed ပြိုင်ပွဲပြိုင်တဲ့အခါ ရွှေလေးခု၊ ငွေသုံးခု၊ ကြေးတစ်ခု ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲတိုင်း ပါဝင်ဖို့ကြိုးစားတယ်။ ပြည်တွင်းမှာရော အခုဆို အရှေ့တောင်အာရှတင်မဟုတ်ဘဲ အာရှအဆင့်ပြိုင်ပွဲတွေမှာ ပါဝင်နိုင်ဖို့လည်း ဆပ်ကော်မတီတွေဖွဲ့စည်းထားတဲ့အပြင် အဖွဲ့ချုပ်ကိုလည်း အသစ်ဖွဲ့စည်းထားပြီး အဘက်ဘက်ကနေ အင်တိုက်အားတိုက် လှုပ်ရှားနေပါတယ်။

**ဒုအရာခံဗိုလ် မိုးကျော် (ပြေးခုန်ပစ်နည်းပြ၊ ကာကွယ်ရေးဝန်ကြီးဌာန)**

ကာကွယ်ရေး ဝန်ကြီးဌာနအနေနဲ့ အမျိုးသားအားကစားပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ ပြေးခုန်ပစ် အားကစားနည်း ၂၀ လုံးမှာ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိတယ်။ ရလဒ်ကောင်းခဲ့လို့လည်း ဂုဏ်ယူဝမ်းသာမိပါတယ်။ လေ့ကျင့်မှုကို တစ်နှစ်လောက်ကတည်းက ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့တယ်။ ကိုယ်စားပြုကစားသမားတွေလည်း စံချိန်တွေ ချိုးနိုင်အောင် ကြိုးစားထားကြပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနကနေ ပထမ၊ ဒုတိယ၊ တတိယရတဲ့ ကစားသမားတွေကို ဒီအဆင့်အောင်မြင်ပြီးရင် အရှေ့တောင်အာရှပြိုင်ပွဲတွေမှာ ဝင်ရောက် ယှဉ်ပြိုင်ဖို့ရှိတယ်။ အမျိုးသားအားကစားပွဲတော်ကို ပဉ္စမအကြိမ်မြောက် ပြန်လည်ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေနဲ့ အားကစားဝန်ကြီးဌာနက လူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ကစားသမားဘဝတုန်းက ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် အားကစားပွဲတော်တွေမှာ ကစားသမားအဖြစ် ဝင်ရာက်ယှဉ်ပြိုင်ခဲ့တယ်။ ကာကွယ်ရေးအသင်းမှာ လက်ရွေးစင် ကစားသမားတွေ ရှိပေမယ့် အသက်အရွယ်အရ နောင်လာမယ့် ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ဖို့အတွက် မျိုးဆက်သစ် ကစားသမားတွေ မွေးထုတ်ဖို့လည်း ရည်ရွယ်ထားတာရှိပါတယ်။

**စစ်မင်းပိုင် (တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ အမျိုးသားအားကစားပွဲတော် ပွဲစဉ်(၁၇) မှာ သမ/ကျေးလက်ကို နှစ်ပွဲပြတ်နဲ့နိုင်ပြီးသွားပါပြီ။ ကျွန်တော်တို့ ကြိုတင်စုဖွဲ့လေ့ကျင့်မှု တစ်လခွဲ နှစ်လလောက်ရှိပါပြီ။ ကျွန်တော်တို့အသင်းမှာ နည်းပြ၊ အုပ်ချုပ်သူနဲ့ဆိုရင် စုစုပေါင်း ၁၂ ယောက်ပါဝင်ပါတယ်။ ဒါက နိုင်ငံတော်အဆင့် အမျိုးသားအားကစားပွဲတော်ကြီးဆိုတော့ တစ်မျိုးသားလုံး တက်တက်ကြွကြွနဲ့ လာရောက်ယှဉ်ပြိုင်တာ ဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်စရာ ကောင်းတယ်။ ဒီပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဖို့ကောင်းပါတယ်။ ပြိုင်ဘက်အသင်းတွေက ကစားသမားတွေ အားလုံးကလည်း တကယ့်ကို ကစားသမားကောင်းတွေဖြစ်တော့ ပြိုင်ပွဲမှာ အနိုင်ရဖို့က မလွယ်ပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာနကိုယ်စားပြုအသင်းအနေနဲ့ ရွှေမရရင်တောင် ငွေနဲ့ ကြေးတစ်ခုခုရဖို့မျှော်လင့်ပြီးတော့ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

**ဦးအောင်မျိုးသူ (လက်ထောက်ညွှန်ကြားရေးမှူး)နည်းပြ၊ ပြန်ကြားရေးဝန်ကြီးဌာန ပိုက်ကျော်ခြင်းအသင်း**

ကျွန်တော်တို့ အသင်းမှာ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမား စုစုပေါင်း ၁၃ ဦး စုပေါင်းပြီးတော့ ပြိုင်ပွဲမစခင် တစ်လကျော်လောက် လေ့ကျင့်ထားပါတယ်။ ဒီဇင်ဘာ ၁၅ ရက်အထိ သုံးပွဲယှဉ်ပြိုင်ပါတယ်။ ကလေးတွေ ကြိုးစားကြပါတယ်။ ကျွန်တော်တို့ပြန်ကြားရေးက ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဂေါက်သီးရိုက်ပြိုင်ပွဲ အားကစားနည်း ခြောက်နည်းစလုံး ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ဒီအမျိုးသားအားကစားပွဲတော်ဟာ မျိုးဆက်သစ်လူငယ်တွေ၊ တိုင်းနဲ့ ပြည်နယ်က လူငယ်တွေပါတာဆိုတော့ နိုင်ငံတကာပြိုင်ပွဲတွေအတွက် မျိုးဆက်သစ်အားကစားသမားတွေ ရှာဖွေလို့ရသွားတယ်။ အားကစားလုပ်တာ ကောင်းပါတယ်၊ ကျန်းမာရေးအတွက်လည်း ကောင်းတယ်၊ ဝန်ထမ်းတွေလည်း အားကစားပွဲတွေ အားပေးကြတာ မြင်ရတော့ ဝမ်းသာပျော်ရွှင်ရတယ်။

**ဇော်လင်းနိုင် (ပဲခူးတိုင်းဒေသကြီး) ရိုးရာခြင်းလုံးပြိုင်ပွဲဝင်**

ရိုးရာခြင်းလုံးခတ်ကစားတာ အသက် ၁၂ နှစ်လောက်ကတည်းကဆိုတော့ လေးနှစ်ရှိပြီ။ ကျွန်တော့်အသက်က အခု ၁၆ နှစ်ပြည့်တော့မယ်။ ရိုးရာခြင်းလုံးကစားနည်းကို ဆရာဦးမောင်ကြိုင်၊ ဆရာမ မကလျာနွယ်တို့က သင်ပေးတာပါ။ ကျွန်တော်က ခြင်းလုံးခတ်တာကို ဝါသနာပါတယ်။ ကျွန်တော်တို့ ရိုးရာခြင်းလုံးအသင်းမှာ အမျိုးသားရှစ်ဦး၊ အမျိုးသမီးခြောက်ဦးပါတယ်။ ပြိုင်ပွဲမှာ ကစားနည်းဆယ်မျိုးထဲက မန္တလာခြေဖျား၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန်ဖနောင့်၊ လျှပ်ထိပ်တင်ဒူးစတဲ့ ကစားနည်းခြောက်မျိုး ခတ်ရတယ်။ ကျွန်တော်အကြိုက်ဆုံးအကွက်က မန္တလာအကွက်၊ အဲဒီအကွက်က စသင်တုန်းကတော့ ခက်တယ်။ ခတ်တတ်သွားတဲ့အချိန်မှာတော့ ခက်ခဲတယ်ဆိုတာ မရှိတော့ပါဘူး။ ပဲခူးတိုင်းကိုယ်စားပြုအနေနဲ့ ဆုတံဆိပ်ရအောင်ကြိုးစားသွားမှာပါ။

**ကိုရွှေရိုး (ဘော်လီဘောပြိုင်ပွဲဝင်) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

ကျွန်တော်တို့ ဝန်ကြီးဌာနအသင်းက အသက် ၂၅ နှစ်အောက် လူငယ်တွေဆိုပေမယ့် ကောင်းကောင်းမွန်မွန်နဲ့ တက်တက်ကြွကြွ ကစားနိုင်ကြတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ လေ့ကျင့်ချိန်က တစ်လနဲ့ ဆယ်ရက်ပဲရှိတယ်။ အမျိုးသားအားကစားပွဲတော်က အလွတ်တန်းပြိုင်ပွဲဆိုတော့ အကြီးတန်းတွေလည်း အများကြီးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အသင်းက ကွာတားဖိုင်နယ်ကို တက်ပါတယ်။ အခြားပြိုင်ပွဲတွေမှာလည်း ဝန်ကြီးဌာနကိုယ်စားပြုအသင်းအနေနဲ့ ယှဉ်ပြိုင်ဖြစ်ပါတယ်။ ဝန်ကြီးဌာနကိုယ်စားပြုအနေနဲ့ စတုတ္ထအဆင့်ရဖူးတယ်။ ဒီနှစ်တော့တခြားအသင်းတွေကလည်း စီနီယာကစားသမားတွေများတော့ ကျွန်တော်တို့အသင်းက ဆီမီးဖိုင်နယ်အထိပဲ တက်ရောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကြီးဟာ ရလဒ်ကောင်းတွေ များတယ်။ လူငယ်တွေရဲ့ စွမ်းဆောင်နိုင်မှုတွေ၊ အားကစားအပေါ်မှာ စွဲလမ်းတဲ့အမြင်တွေကို တွေ့ရတယ်။ တချို့ကလေးတွေက အားကစားအပေါ်မှာပဲ ရူးသွပ်ပြီးတော့ ပညာရေးမှာ အားနည်းသွားတာတွေလည်းတွေ့ရတယ်။ ကျောင်းသားလူငယ်တွေ ပညာရေးလည်း မပျော့ပါနဲ့၊ အားကစားကိုလည်း ပုံမှန်လုပ်ဆောင်ပါလို့ တိုက်တွန်းလိုပါတယ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲ အုပ်စုပွဲပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှု။

တွေ့ဆုံမေးမြန်း
ခင်ရတနာ၊ ဇင်ဦး၊
ဟိန်းထက်ဇော်၊ မျိုးထက်ဦး
ဓာတ်ပုံ-ဟိန်းဇင်ထက်

# ဉာဏဗလ ပြည့်စုံဖို့ စာဖတ်ကြပါစို့

**ကိုယဉ်ချစ်(မန္တလေး )**

မျက်မှောက်ကာလမှာ ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတွေကို နိုင်ငံအနှံ့အပြားမှာ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ သာမန်လူတစ်ယောက်ဟာ ကျောင်းပညာတွေကို စပြီးသင်ယူတယ်။ ကျောင်းစာတွေ သင်ယူပြီးမြောက်သွားရင် အကြောင်းအမျိုးမျိုးကြောင့် စာပေဖတ်ရှုလေ့လာမှုတွေ နည်းပါးသွားပါတယ်။ စာဖတ်ခြင်းဟာ ဘဝရဲ့ တိုးတက်အောင်မြင်မှု အခြေခံကောင်းတွေကို ပေးစွမ်းနိုင်တာကြောင့် စာဖတ်တဲ့ အလေ့အထတွေကို ငယ်ရွယ်စဉ်ကျောင်းသားအရွယ်ကတည်းက ပြုစုပျိုးထောင်ပေးကြရပါမယ်။ ဒါကြောင့် အခြေခံကျတဲ့ ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ဒီဆောင်ရွက်ချက်တွေဟာ လူငယ်တွေ စာဖတ်တဲ့အလေ့အကျင့်တွေ ရရှိဖို့နဲ့ စာကြည့်တိုက်တွေကို အသုံးချတတ်စေဖို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေနဲ့ ဆက်စပ်နေတဲ့ လူငယ်စကားဝိုင်း၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲတွေကိုပါ ကျင်းပပေးပါတယ်။ ဒီ ပြိုင်ပွဲတွေကတစ်ဆင့် လူငယ်တွေဟာ စာကြည့်တိုက်တွေဆီကို ရောက်လာကြမယ်။ စာကြည့်တိုက်တွေကို ရောက်လာရင် သူတို့နဲ့လျော်ညီတဲ့ စာအုပ်တွေကို စပြီးဖတ်ကြမယ်။ အဲဒီကတစ်ဆင့် အခြားဗဟုသုတရမယ့် စာအုပ်စာစောင်တွေကိုဖတ်ကြရင်း စာဖတ်တဲ့အလေ့အကျင့်တွေ ရသွားပါမယ်။

စာဖတ်ရခြင်းဟာ မသိသေးတာကို သိလာအောင်၊ သိပြီးသားအသိတွေကို အမှန်အမှား ခွဲခြားသိလာအောင်၊ လိမ္မာယဉ်ကျေးတဲ့အသိဉာဏ်တွေ ရင့်သန်လာအောင် ဖတ်ရတာဖြစ်ပါတယ်။ လူတိုင်းက အကြောင်းအရာအားလုံးကို ကုန်စင်အောင် မသိနိုင်ပါ။ သိနိုင်ဖို့အတွက် နှစ်ပေါင်းများစွာ ဖြတ်သန်းတွေ့ကြုံခဲ့တဲ့ စာပေပညာရှင်တွေ၊ စာရေးသူတွေရဲ့ အသိတွေ၊ အတွေ့အကြုံတွေကို စုစည်းထားတဲ့ စာအုပ်တွေကို ဖတ်ရှုမှသာ လုံလောက်တဲ့အသိတွေ ရရှိလာမှာဖြစ်ပါတယ်။ ဗဟုသုတ အလိမ္မာတွေဟာ မိမိသိထား၊ တတ်ထားသလောက်နဲ့ မပြည့်စုံနိုင်ပါ။ အစဉ်အဆက်က အတွေ့အကြုံများတဲ့ စာပေပညာရှင်ကြီးတွေ ရေးသားခဲ့တဲ့ စာတွေကို ဖတ်ရှုလေ့လာမှ အကျိုးရှိတဲ့ အသိတွေကို ရနိုင်ပါမယ်။ စာဖတ်သူဟာ ကြီးပွားတိုးတက်ရေးလမ်းမှာ ရပ်တန့်မနေဘဲ စာတွေကို အမြဲမပြတ် ဖတ်နေကြပါတယ်။ စာမဖတ်သူတွေကတော့ လမ်းလျှောက်နေရင်း လမ်းပျောက်နေသလို ဖြစ်နေတတ်ပါတယ်။ ဆရာကြီး ပီမိုးနင်းက **စာသည် လူ၌ အစားထက်အရေးကြီးသည်။ ကိုယ်ခန္ဓာအတွက် စားသောအစာကို အစာဟုခေါ်၏။ စိတ်အတွက်လည်း အစာလိုလေရာ ထိုအစာကို “စာ” ဟူ၍ ခေါ်ရလေသည်**လို့ မိန့်ဆိုခဲ့တာ မှတ်သားဖူးပါတယ်။ ဒါကြောင့် တိုးတက်ကြီးပွားလိုတဲ့သူတွေအတွက် စာဖတ်ခြင်းဟာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။



တချို့က သင်ယူထားတဲ့ ပညာရပ်တွေကို တတ်မြောက်ထားပေမယ့် သိသင့်သိထိုက်တဲ့ အသိပညာတွေ နည်းပါးပြီး မလုပ်သင့်တဲ့၊ မှားယွင်းတဲ့အလုပ်တွေကို လုပ်တတ်ပါတယ်။ စာတတ်ပြီး အသိပညာတွေနဲ့ အမှားအမှန် ခွဲခြားလုပ်ကိုင်နိုင်ဖို့ စာတတ်သူတိုင်း စာဖတ်ကြဖို့လိုပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့တဲ့ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲမှာ ကန်တော့ခံစာပေပညာရှင် ဆရာကြီး ဒေါက်တာခင်မောင်ညွန့်ကို မီဒီယာတစ်ခုက တွေ့ဆုံမေးမြန်းတဲ့အခါ စာမတတ်သူ ပပျောက်ရေးတွေ လုပ်နေတဲ့အပြင် စာမဖတ်သူ ပပျောက်ရေးကိုပါ လုပ်ကြရမယ်လို့ ဆရာကြီးက ပြောကြားသွားတာ မှတ်သားဖူးပါတယ်။

စာဖတ်တဲ့အတွက် စာအုပ်စာပေတွေထဲက အသိပညာဗဟုသုတတွေ ရလာမယ်။ မှတ်ဉာဏ်တွေ တိုးတက်လာမယ်။ ရရှိလာတဲ့ အသိတွေကြောင့် အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုး၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာတွေကို ဝေဖန်ပိုင်းခြားမှုနဲ့ ပိုင်းခြားစိတ်ဖြာနိုင်တဲ့စွမ်းရည်တွေ ကောင်းလာမယ်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေအတွက် အထောက်အကူရလာမယ်။ စိတ်ဖိစီးမှုနဲ့ စိုးရိမ်ပူပန်မှုတွေ လျှော့ချလာနိုင်မယ်။ အာရုံစူးစိုက်မှု အားကောင်းလာမယ်။ မွန်မြတ်ကောင်းမွန်တဲ့ စိတ်ကူးဉာဏ်တွေရလာမယ်။ ကိုယ်ချင်းစာနာစိတ်တွေ မွေးမြူနိုင်မယ်။ အကောင်းမြင်စိတ်တွေနဲ့ မှန်ကန်တဲ့ အလုပ်တွေကို ရွေးချယ်လုပ်ကိုင်လာနိုင်ပါမယ်။

စာမဖတ်တဲ့သူတွေကတော့ အသိပညာ ဗဟုသုတနည်းမယ်။ ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဆုံးဖြတ်တာထက် တခြားသူတွေရဲ့အတွေး၊ အပြော၊ အလုပ်တွေကို အလွယ်တကူ ယုံကြည်လက်ခံပြီး လိုက်လုပ်တယ်။ တွေးခေါ်စဉ်းစားမှု အားနည်းတာကြောင့် အမှန်၊ အမှားကို မခွဲခြားနိုင်ဘဲ လုပ်သင့်တာကို မလုပ်၊ မလုပ်သင့်တာတွေကို လုပ်တယ်။ အသက်မွေးဝမ်းကျောင်း အလုပ်တွေမှာ လွန်ကဲတဲ့ အတ္တတွေကို အသုံးချကြတယ်။ လုပ်ထားတဲ့အလုပ်တွေက မှားနေတာသိတော့ စိုးရိမ်ပူပန်မှုတွေ၊ သောကတွေ ခံစားနေတတ်တယ်။ မမှန်ကန်တဲ့ အသိတွေကြောင့် တခြားသူတွေ လုပ်သမျှအလုပ်တွေကို အဆိုးမြင်စိတ်နဲ့ မြင်နေတတ်တယ်။ အဲဒီဆိုးကျိုးတွေရဲ့ စေတနာက ကိုယ်တိုင် ပြန်ခံစားရသလို ပတ်ဝန်းကျင်အများအပေါ်မှာ ဆိုးကျိုးတွေကို သက်ရောက်စေပါတယ်။

လူတွေမှာ ပညာမတတ်လို့ အသိပညာမဲ့တာ ရှိတယ်။ ပညာမပြည့်စုံလို့ မှားတာရှိတယ်။ တချို့က အတတ်ပညာတွေ တတ်မြောက်ကြပေမယ့် အသိပညာနည်းပါးလို့ တစ်ဖက်စွန်းကို ရောက်သွားပြီး မလုပ်သင့်တာတွေလုပ်ကြတယ်။ ကိုယ့်လုပ်ရပ်ကြောင့် အများသူငါတွေရဲ့ အကျိုးစီးပွားတွေ ပျက်စီးကုန်တယ်။ ဒါဟာ အတတ်ပညာကိုလည်း တတ်အောင်သင်၊ အသိပညာရဖို့ စာလည်းဖတ်ဖို့လို နေပြီဆိုတာ ပြသနေပါတယ်။ ဒါဆိုရင် စာတွေအားလုံးကို ဖတ်ရမှာလားလို့ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ စာပေတွေထဲမှာ အကျိုးပြုစာပေတွေရှိသလို အကျိုးမဲ့တဲ့ စာပေတွေ၊ အညှီအဟောက် စာပေတွေလည်း ရှိနေပါတယ်။ ယေဘုယျအားဖြင့် နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ အတွေးအခေါ်၊ ဟာသ၊ ဘာသာရပ်ဆိုင်ရာ တက်ကျမ်း၊ ပညာရှင်တွေရဲ့ အဆိုအမိန့်တွေနဲ့ စိတ်ခွန်အားဖြစ်စေမယ့် စာပေဆိုပြီး အမျိုးမျိုးရှိပါတယ်။ အဲဒါတွေထဲက မိမိနဲ့ အများအကျိုးကို ဖြစ်ထွန်းစေနိုင်တဲ့ အကျိုးပြုစာပေတွေကို ရွေးချယ်ဖတ်ရှုခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုကိုသာ အကျိုးပြုပြီး အများကို ဆိုးကျိုးဖြစ်စေမယ့် အစွန်းရောက် စာပေတွေကို ဖတ်မိခဲ့ရင်လည်း မယူသင့်တာတွေကို မယူမိဖို့လိုပါတယ်။ ရွေးချယ်ဖတ်ဖို့ဆိုတာကလည်း စာတွေများများဖတ်ထားမှ အကောင်း၊ အဆိုးတွေကို ခွဲခြမ်းစိတ်ဖြာပြီး ပြန်လည်အသုံးချနိုင်မှာ ဖြစ်ပါတယ်။

လူငယ်တွေ ဉာဏဗလဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာဖတ်ကြဖို့လိုပါတယ်။ ဖတ်ချင်တဲ့စာအုပ်တွေကို ဝယ်ယူဖတ်ရှုဖို့ဆိုတာ အကန့်အသတ်ရှိတာကြောင့် ဖတ်လိုတဲ့ စာအုပ်တွေရှိတဲ့ စာကြည့်တိုက်တွေကို အသုံးချတဲ့ အလေ့အကျင့်တွေရလာအောင် သက်ဆိုင်ရာဝန်ကြီးဌာနတွေ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ တစ်ဖက်မှာလည်း စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်နေပါတယ်။ စာကြည့်တိုက်တွေဟာ ပညာဖြန့်ဝေပေးတဲ့နေရာတွေ ဖြစ်ပါတယ်။ လူငယ်တွေ အပါအဝင် ပြည်သူတွေက စာကြည့်တိုက်တွေဆီကို သွားရောက်ပြီး အသိပညာဗဟုသုတတွေ ဆည်းပူးလေ့လာကြဖို့ တိုက်တွန်းလိုပါတယ်။

ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်မှုမြင့်မားနေတဲ့ နိုင်ငံတွေဟာ ပညာတတ်တွေများပြားတဲ့အပြင် စာဖတ်သူတွေလည်း များပြားကြပါတယ်။ တိုးတက်နေတဲ့ နိုင်ငံတွေကို အားကျတယ်ဆိုရင် သူတို့လို စာတွေ များများဖတ်ပြီး အသိပညာဗဟုသုတတွေ တိုးတက်နေအောင် သင်ယူလေ့လာကြရပါမယ်။ တခြားနိုင်ငံတွေလို ဖွံ့ဖြိုးတိုးတက်စေချင်ရင် အရည်အချင်းရှိတဲ့ ပညာတတ်တွေ အများကြီးရှိဖို့ လိုပါတယ်။ ပညာတတ်တွေဖြစ်ဖို့ စာဖတ်ကြရပါမယ်။ စာဖတ်သူတွေ တိုးပွားလာအောင် ဆောင်ရွက်ကြရပါမယ်။ စာဖတ်တဲ့သူတွေများလာရင် မှန်ကန်တဲ့ အသိအမြင်တွေနဲ့ စည်းလုံးညီညွတ်စွာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။ လူတိုင်း ကြီးပွားချမ်းသာဖို့ ကာယအားဆိုတဲ့ ကာယဗလ၊ ဉာဏအားဆိုတဲ့ ဉာဏဗလ၊ ပစ္စည်းအားဆိုတဲ့ ဘောဂဗလ၊ ကိုယ်ကျင့်အားဆိုတဲ့ စာရိတ္တဗလနဲ့ မိတ်ဆွေအားဆိုတဲ့ မိတ္တဗလတွေနဲ့ ပြည့်စုံ ဖို့လိုပါတယ်။ အဲဒီအားတွေထဲက ဉာဏဗလအားကောင်းရင် ကောင်းကျိုးတွေကို ဖန်တီးရယူနိုင်ပါတယ်။ ဉာဏဗလ ပြည့်စုံဖို့ အဓိကကျတာကတော့ စာဖတ်ကြဖို့လိုပါတယ်။ ဒါကြောင့် ဉာဏဗလပြည့်စုံဖို့ စာဖတ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

**“ ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်မှု မြင့်မားနေတဲ့နိုင်ငံတွေဟာ ပညာတတ်တွေများပြားတဲ့အပြင် စာဖတ်သူတွေလည်း များပြားကြပါတယ်။ တိုးတက်နေတဲ့ နိုင်ငံတွေကို အားကျတယ်ဆိုရင် သူတို့လို စာတွေ များများဖတ်ပြီး အသိပညာဗဟုသုတတွေ တိုးတက်နေအောင် သင်ယူလေ့လာကြရပါမယ်။ တခြားနိုင်ငံတွေလို ဖွံ့ဖြိုးတိုးတက်စေချင်ရင် အရည်အချင်းရှိတဲ့ ပညာတတ်တွေ အများကြီးရှိဖို့ လိုပါတယ်။ ပညာတတ်တွေဖြစ်ဖို့ စာဖတ်ကြရပါမယ်။ စာဖတ်သူတွေ တိုးပွားလာအောင် ဆောင်ရွက်ကြရပါမယ်။ စာဖတ်တဲ့သူတွေ များလာရင် မှန်ကန်တဲ့ အသိအမြင်တွေနဲ့ စည်းလုံးညီညွတ်စွာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ် ”**


ကိုးကား

- **မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**
- **နေ့စဉ်ထုတ်သတင်းစာများ**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနား ကြည့်ရှုအားပေး

**ကော့သောင်း ဒီဇင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ငလျင်ဘေးအန္တရာယ်သရုပ်ပြ လေ့ကျင့်ခြင်းအခမ်းအနားကို ကော့သောင်းမြို့ Victoria Cliff Hotel & Resort ၌ ဒီဇင်ဘာ ၁၆ ရက်က ကျင်းပရာ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့တို့က ငလျင်လှုပ်ခတ်ပြီး ဟိုတယ်အတွင်းပိတ်မိနေသူများနှင့် ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများ အနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများခွဲခြား၍ ရေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ ပို့ဆောင်ခြင်း၊ ကျန်ရှိ၊ ပျောက်ဆုံးသူများ ရှိ မရှိကို စာရင်းကောက်ယူ စိစစ်ဆောင်ရွက်ခြင်း စသည်တို့ကို အချိန်တိုအတွင်း ပြီးစီးရန် သရုပ်ပြလေ့ကျင့်ကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငလျင်ဘေးအန္တရာယ်ဆိုသည်မှာ ကြိုတင်ခန့်မှန်း၍ မရသော ဘေးအန္တရာယ်ဖြစ်သည့်အတွက် ယခုလို သရုပ်ပြလေ့ကျင့်ခန်းများ ဆောင်ရွက်ရခြင်းဖြင့် ဟိုတယ်အတွင်းရှိ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဧည့်သည်များအနေဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက စနစ်တကျတုံ့ပြန်ဆောင်ရွက်နိုင်မည့် နည်းလမ်း၊ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို သိနိုင်ကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ မဖြစ်ခင်ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ဖြစ်ပွားနေစဉ်ကာလအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ၊ ဖြစ်ပွားပြီးပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး ငလျင်ဘေး အန္တရာယ်သရုပ်ပြခြင်းကို လေ့ကျင့်ရခြင်းဖြစ်ကြောင်း၊ သရုပ်ပြလေ့ကျင့်မှုများတွင် ပါဝင်သောသက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုပြောကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီ အထူးအစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအထူးအစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုဥက္ကဋ္ဌ အသင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆန်းလင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြုခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ၂၀၂၄ မူကြမ်းကို ရှင်းလင်းတင်ပြပြီး အသင်းသားများ၏ ကြိုတင်ပေးပို့လာသော မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# စိုက်ပျိုးရေးနှင့်မွေးမြူရေး(သိပ္ပံ)သထုံ၌ လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သထုံ)တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၁၆ ရက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သထုံ)မှ ကျောင်းသူတစ်ဦးက အစီအစဉ်တင်ဆက်သူ အဖြစ်ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် လူမှုဆက်ဆံရေး၊ မိမိအနှစ်သက်ဆုံး စာအုပ်တစ်အုပ် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် အစီအစဉ်တင်ဆက်သူတို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မရှိ၍မလင်းသူမရှိစေရ အစီအစဉ်ဖြင့် သန်လျင်၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မရှိ၍မလင်းသူမရှိစေရ အစီအစဉ်ဖြင့် ဒီဇင်ဘာ ၁၆ရက်တွင် သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိအထူးကု ဆရာဝန်ကြီးများက အမြင်အာရုံနည်းသူများအား စမ်းသပ်ကုသပေးခြင်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်ပေးရာတွင် မျက်စိလူနာ ၃၈၀ ကို စမ်းသပ်စစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသရန် လူနာ ၁၀၅ ဦးကို ညွှန်းပို့ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုကျင်းပသော မရှိ၍ မလင်းသူမရှိစေရ အစီအစဉ်ဖြင့် မျက်စိစမ်းသပ် ကုသဆောင်ရွက်ပေးရာသို့ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ သန်လျင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ မိခင်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြသည်။ ယခုကုသမှုတွင် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးမှ တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းကိုလည်း ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တီဘီရောဂါ လူနာများအား စမ်းသပ် စစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**



# ပုသိမ်မြို့နယ်၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု (ဆင့်ပွား) သင်တန်းဖွင့်ပွဲကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ရက်က ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းတွင် အဆင့်မြင့် မီးငြိမ်းသတ်ရေးဆိုင်ရာ သင်ခန်းစာများ၊ အန္တရာယ်ရှိ ဓာတုဗေဒပစ္စည်းများအကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် တိုးမြင့်တည်ဆောက်လာသည့် စက်ရုံ/အလုပ်ရုံ၊ ဟိုတယ်/မိုတယ်၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာရှုထောင့်များမှ အဆောက်အအုံများ၏ Structural Design နှင့် ကိုက်ညီသည့် ထည့်သွင်းတပ်ဆင်တည်ဆောက်ရမည့် ခေတ်မီ Fire Protection System များအကြောင်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းမှ အရာရှိတပ်ဖွဲ့ဝင် ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မုံရွာမြို့နယ် ဂေါကြီးကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၅၀ ကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဂေါကြီးကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၅၀ တို့ကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား၍ ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများအနေဖြင့် ယာယီနေရပ်စွန့်ခွာနေရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိုသို့အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ မလုပ်ဆောင်နိုင်စေရန် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းများမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၇

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၁ ဒသမ ၂၂၅၈ တန်၊ သစ်မာ ၄ ဒသမ ၈၁၁၈ တန်၊ အခြား ၁၈ ဒသမ ၇၀၀၀ တန် စုစုပေါင်း ၄၄ ဒသမ ၇၃၇၆ တန်၊ ယာဉ်/ယန္တရား ရှစ်စီး၊ တရားခံ ငါးဦး ဖမ်းဆီးရမိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "ရှင်းသန့်" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ခါချဉ်ကျွန်းကျေးရွာနေ ချောစုလှိုင် (ခ) မိုးမိုးလှိုင်အား ညနေ ၅ နာရီ ၅၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတကာသတင်း

## မာလဝီသို့ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ် သေဆုံးသူ ခုနစ်ဦးရှိပြီး လူပေါင်း သုံးသောင်းကျော် ရေဘေးကြုံ

လီလွန်ဂွေးလ် ဒီဇင်ဘာ ၁၇

အာဖရိကအရှေ့တောင်ပိုင်း ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သော မာလဝီနိုင်ငံသို့ အပူပိုင်းမုန်တိုင်း ချီဒို ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေသည် ယခုအခါ ခုနစ်ဦး ရှိလာပြီဖြစ်ပြီး မုန်တိုင်းကြောင့် လူပေါင်း ၃၅၀၀၀ ခန့် သောင်တင်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ဒီဇင်ဘာ ၁၇ ရက်က ပြောကြားလိုက်သည်။

ခရိုင်ငါးခုတွင် သေဆုံးသူပေါင်း ခုနစ်ဦးရှိကြောင်းနှင့် အိမ်ထောင်စု ၇၇၂ စုမှ လူပေါင်း ၃၄၇၄၃ ဦးခန့် ရေဘေးဒုက္ခခံစားခဲ့ရကြောင်းသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

မုန်တိုင်းကြောင့် လူ ၁၆ ဦး ဒဏ်ရာရရှိခဲ့ပြီး မြို့တော်လီလွန်ဂွေးလ်အပါအဝင် နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ နယ်မြေ ၂၀ ခန့် အတန်အသင့်မှ အများအပြားပျက်စီးခဲ့သည်။

မာလဝီကြက်ခြေနီအဖွဲ့၊ မာလဝီအစိုးရအဖွဲ့နှင့် တခြားအဖွဲ့အစည်းများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မုန်တိုင်းကြောင့် ပိတ်ထားခဲ့ရသော စာသင်ကျောင်းများကိုလည်း ဘေးအန္တရာယ်ကင်းရှင်းချိန်မှသာ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အိမ်နီးချင်း မိုဇမ်ဘစ်နိုင်ငံသို့လည်း ဒီဇင်ဘာ ၁၅ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ





## သီရိလင်္ကာက အိန္ဒိယနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိ

ကိုလံဘို ဒီဇင်ဘာ ၁၇

သီရိလင်္ကာနိုင်ငံသည် နှစ်ပေါင်းများစွာကြာ စီးပွားရေးယိုယွင်းပျက်စီးပြီးနောက် ယခုအခါ နိုင်ငံတော် သာယာဝပြောသောလမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းလျက်ရှိရာ စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံက ကူညီပေးလိမ့်မည်ဟုသီရိလင်္ကာသမ္မတက ယုံကြည်မျှော်လင့်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်စုံတွင် ဖော်ပြထားသည်။

သီရိလင်္ကာသမ္မတ အနူရာကူမာရာ ဒီဆာနာရာကာသည် စက်တင်ဘာလတွင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဒီဆာနာရာကာသည် ဒီဇင်ဘာ ၁၆ ရက်တွင် နယူးဒေလီ၌ အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒြာမိုဒီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော ဖွံ့ဖြိုးတိုးတက်မှုတွင် လူမှုအသိုက်အဝန်းအားလုံး ပါဝင်သင့်ကြောင်း သီရိလင်္ကာသမ္မတက ပြောသည်။

ရုပ်ပိုင်းဆိုင်ရာ၊ ဒစ်ဂျစ်တယ်နှင့် စွမ်းအင်ချိတ်ဆက်မှုတို့သည် ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသော မဏ္ဍိုင်များဖြစ်ကြောင်း မိုဒီက ပြောကြားခဲ့သည်။

ကြွေးနွံနစ်နေသောသီရိလင်္ကာသည် လွန်ခဲ့သော နှစ်နှစ်က နိုင်ငံတကာမြီရှင်များကို အကြွေးများ ပြန်လည်ပေးဆပ်မှုကို ရပ်ဆိုင်းခဲ့သည်။

သီရိလင်္ကာ သမ္မတသည် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ရန် စိတ်အားထက်သန်လျက်ရှိသည်။

အင်န်အီတီချန်နယ်

## အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုန်သွယ်ရေးသဘောတူညီချက် ဖြိုတိန်ပါဝင်လာ

လန်ဒန် ဒီဇင်ဘာ ၁၇

ဗြိတိန်သည် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အရေးပါသည့် ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အရေးပါသည့် ကုန်သွယ်ရေးသဘောတူညီချက်တွင် ဗြိတိန်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် ဒီဇင်ဘာ ၁၅ ရက်က တရားဝင်အတည်ပြုခဲ့သည်။ ဗြိတိန်သည် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အရေးပါသည့် ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်ခဲ့သည့် ၁၂ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အရေးပါသည့် ကုန်သွယ်ရေးသဘောတူညီချက်ကို ၂၀၁၈ ခုနှစ်တွင် ဂျပန်၊ သြစတြေးလျ၊ စင်ကာပူနှင့် ကနေဒါအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံက လက်မှတ်ရေးထိုးစတင်ခဲ့သည်။

ဗြိတိန်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အရေးပါသည့် ကုန်သွယ်ရေးသဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာသည်နှင့်အမျှ အဆိုပါသဘောတူညီချက်၏ အတိုင်းအတာသည် ယခုအခါ ဥရောပအထိ ကျယ်ပြန့်လာပြီဖြစ်သည်။

အင်န်အီတီချန်နယ်

## (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းလူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးခန်းမ၌ ဒီဇင်ဘာ ၁၆ ရက်က (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က အမှာစကား ပြောကြားပြီး Book Club ဥက္ကဋ္ဌ စာရေးဆရာ ဟိန်းဇေက လွတ်လပ်ရေးနေ့ အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Book Club အတွင်းရေးမှူး စာရေးဆရာ ဦးမောင်သန်းဝင်း၊ စာရေးဆရာမ များဖြစ်ကြသည့် ဆရာမ တင့်တယ်ခင်၊ ဆရာမ နန်းသင်းသင်းဝေ (ပျူပုတီး)၊ ဆရာမ ပေါက်ပေါက်၊ ဆရာမ စိန်ဘုတ်ဆုံ တို့က လွတ်လပ်ရေးနေ့နှင့် ပတ်သက်၍ ဟောပြောခဲ့ကြသည်။

ထို့နောက် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြင်ပြော ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမှတ် (၃) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀ က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၁၅ ဦးကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **အောင်ကျော်(ပြန်/ဆက်)**

## လွိုင်လင်မြို့နယ်အတွင်း ဘိန်းခင်း ဧက ၉၆၀ ဖျက်ဆီး

**လွိုင်လင် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးဆောင်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၇ ရက်မှ ၁၅ ရက်အထိ လွိုင်လင်မြို့နယ်အတွင်းရှိ သီးပွင့်ဆဲဘိန်းခင်းများနှင့် ပင်လုံမြို့ အနောက်ဘက်ခြမ်းဒေသရှိ တောင်ကုန်း၊ တောင်စောင်းများ၌ စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းခင်း ဧက ၉၆၀ ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**အယ်မင်း(လွိုင်လင်)**



## သထုံမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်

**သထုံ ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်က သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟို ဌာနခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ခေတ်အဆက်ဆက် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းများ၊ လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများ၊ ရရှိပြီးသည့်လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်မြင့်မားရေးတို့ကို အသိပညာပေး ဆွေးနွေး ဟောပြောသည်။



ယင်းနောက် ပုံပြင်ပြော၊ ကဗျာရွတ်၊ စာစီစာကုံးပြိုင်ပွဲများ၊ ဉာဏ်ရည်ထက်မြက်ရေး စစ်တုရင်ပြိုင်ပွဲများနှင့် အာလူးကောက်၊ ခွက်နင်း စသည့် အားကစားပြိုင်ပွဲများကို ကျင်းပရာ အခြေခံပညာ မူလတန်းလွန်ကျောင်း(ဝါးတော)မှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## သရက်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံ သင်တန်းဖွင့်

**သရက် ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံ သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က တောင်မင်းတည်းရပ်ကွက် သိမ်းကြီးဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တူညီဝတ်စုံများ ပေးအပ်သည်။ အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **ဇော်ထက်(သရက်)**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့၊ နတ်လူထိပ်ပန် ရပ်ကွက်၊ ချင်းတွင်းမြစ်အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ၃၂ ပီပါ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ရှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းဘူးမြို့နယ် ကျွဲချကျေးရွာ၌ တရားမဝင် ရေနံစိမ်း ၃၃ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၅၅၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၁၅၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၉၁၅၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၆) ရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် (၀ ဒသမ ၉၅၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၈၆၄၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Voxy မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၃၈၆၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်၊ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၉၄၆၂၈၅) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၀၀၆၂၈၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၄၈၇၅၉၂၅) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ မင်းဓမ္မလမ်း၊ အမှတ်-8/၂၊နေ ဒေါ်နွယ်နီဝင်း(ဘ) လီကျင်ဆင် (ခ) ဦးထွန်းရှိန် (၁၃/တကန(နိုင်)၁၄၃၀၀၂)၊ မှ ဦးသူရလင်း (ဘ) ဦးတန်ပိုဆွန် (ခ) ဦးသန်းဝင်း ၁၂/ကတတ(နိုင်)၀၂၉၇၉၈သို့ လွှဲအပ်ထားသော ၂၃-၁၀-၂၀၁၉ရက်စာအမှတ်- ၃၆/ ၀၅ ၀၂ ၁၀ ဖြင့် အမေရိကန်နိုင်ငံရှိ မြန်မာနိုင်ငံသံရုံး ကောင်စစ်ဝန်၏ ထောက်ခံဖော်ပြချက်ဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်လွှဲအပ်အသုံးမပြုစေလိုတော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအား အပြီးအပိုင်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေထွန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၃၀)**
**အမှတ်(၄)၊ ပဒေသာလမ်း၊ မြေ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၀၅၈၅၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9A/7200 Hino Ranger Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဌေးမင်းကို ၈/မမန(နိုင်)၂၀၈၈၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**(ရန်ကုန်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၁

ဦးကျော်လွင် **(တရားလို)** နှင့် ဒေါ်တင်တင်အေး **(တရားပြိုင်)**

အမှတ်(၂၆၇၈)၊ အောင်မင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဒေါ်တင်တင်အေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၂၃) ရက်(၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၈ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်လင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အင်းစိန်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68R/36000, Wan Qiang 110 M/C ယာဉ်လက်ဝယ်ရှိသူ Eastern utopia Enterprises Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊

**ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/73454, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ Shwe Naung Oo Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ နင်းကြမ်းကျေးရွာ အထက G-7 မှ မသီရိစံနှင့် G-11 မှ မောင်မင်းခန့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုမင်း ၈/မသန(နိုင်) ၀၇၄၉၃၃ ဖြစ်ပါကြောင်း။

**ဦးအောင်ကိုမင်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/3144၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/7652 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဦး ၁၀/ပမန(နိုင်) ၂၂၇၈၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## အများသိစေရန် ကြေညာခြင်း

မကွေးမြို့၊ ရန်ဝေးရပ်၊ အမှတ်(၂၈)၊ ခတ္တာလမ်းနေ ဒေါ်မိမိခိုင် ၈/မကန(နိုင်) ၁၆၁၀၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ မကွေးမြို့၊ ကန်သာရပ်၊ ကန်သာဈေးအရှေ့ဘက်(C-1) ဆိုင်ခန်းနှင့် (6J-8291)NISSAN ADVAN အမျိုးအစား မော်တော်ယာဉ်တို့မှာ (၂၆-၁၀-၂၀၂၁)ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖလူကြီးများရှေ့တွင် ဦးရဲထွဋ်မင်းမှ ဒေါ်မိမိခိုင်အား ကန့်တော့အုပ်တင်ရာတွင် မင်္ဂလာပစ္စည်းများအဖြစ် တင်တောင်း ခဲ့သည့်ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ ဒေါ်မိမိခိုင်အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ထားခြင်း မရှိပါကြောင်းနှင့် ဒေါ်မိမိခိုင် သိရှိခြင်းမရှိဘဲ အဆိုပါ မော်တော်ယာဉ်နှင့် ဆိုင်ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းများ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖွန်သဲဖြူ(LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၈၉/၂၀၂၃)**
**မကြီးကန်ကျေးရွာ၊ မကွေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/1941 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်တင်ရှား ၁၂/ဒဂမ(နိုင်)၀၅၃၉၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဝင်း ၁၂/တမန(နိုင်)၀၁၄၀၇၃၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်(၂၈၄)တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ မီးဒုံးလမ်းတွင်တည်ရှိသော မြေဧရိယာ(အလျား ၃၀ပေ x အနံ ၉၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အမှတ် (၁၀၁)၊ အခန်း(၈)ဟုခေါ်တွင်သည့် Duplex အုတ်ညှပ်(၂)ထပ်တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ ဗိုလ်ဆွတ်ပတ်လမ်း၊ မြေကွက်အမှတ်(၄၂၉)၊ အိမ်အမှတ်(၂၈၄)၊ မြေဧရိယာ(၀.၀၅၅)ကေအကျယ်အဝန်းရှိ နှစ်(၆၀)၊ မြေငှားဂရန်အမျိုး အစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC/ အုတ်ညှပ် အမျိုးအစား အဆောက်အအုံ(၁)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး -

တို့သည် ခင်ပွန်းဖြစ်သူ ဦးခင်မောင်ဌေး ၁၂/မရက(နိုင်)၁၀၉၉၅၁)တစ်ဦးတည်း အမည်ဖြင့်သာ ဝယ်ယူခဲ့ခြင်း ဖြစ်သော်လည်း ပိုင်ရေးဆိုင်ခွင့်အရပ်ရပ်သည် ဦးခင်မောင်ဌေးနှင့် ၎င်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်သူ ဒေါ်သန်းသန်းဝင်းတို့ လင်မယားနှစ်ဦးတည်းသာ ပိုင်ဆိုင်စီမံခန့်ခွဲ ပိုင်ခွင့်ရှိသူများဖြစ်ကြပါကြောင်း၊ ၎င်းတို့မှလွဲ၍ မည်သူမျှ အကျိုးခံစားခွင့်မရှိပါကြောင်းနှင့် အခြားသူတစ်ပါးတို့ထံတွင် ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းလှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းထားခြင်းတို့ မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၂၉၆၅)** | **(စဉ်-၁၅၉၉၄)** |
| **.LL.B, D.B.L, WIPO** | **LL.B, D.B.L, WIPO** | **LL.B, WIPO** |

**(တရားလွှတ်တော်ရှေ့နေများ)**

| | |
|---|---|
| **ဒေါ်မာလာသန်းမြင့်** | **ဒေါ်ချယ်ရီဇော် (စဉ်-၄၄၃၉၃)** |
| **(စဉ်-၁၈၂၅၅)(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **LL.B, WIPO** | **LL.B** |

**အမှတ်(၄၉)၊ အခန်း(၅+၆)၊ ဒုတိယထပ်၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၆၂၅၁၂၆၆**

## အများသိစေရန်ကြေညာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၂)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၇/ရွှေကြာအင်းရပ်၊ မြေမျိုး-မြို့မြေ ၊ပိုင်ဆိုင်ခွင့် B ၊ ဦးပိုင်အမှတ်(၇၆-င)၊ဧရိယာ ၀ ဒသမ ၀၀၅ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း ၊ (ခ)အနောက်လားသော် - လမ်းကြား

(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၇၆-ခ)၊ (ဃ)မြောက်လားသော်- ရခိုင်ဘုရားကြီးလမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးသံချောင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး၊
မြို့နယ်မြေစာရင်းဦးစီးဌာန၊
တောင်တွင်းကြီးမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုအမိန့်အမှတ်(၂၈၁ / ၂၀၂၄)ပိတ်သိမ်းခွင့်ပြုပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသျှမ်းဗိုလ် (၁၂/မဂန(နိုင်)၀၂၉၇၇၀) Moe Myint Shan Co.,Ltd ၏ MD ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အမှတ်(၅၄/အေ)၊ အလုံလမ်း နေထိုင်သူ သည် Mother We Channel Co.,Ltdအမှတ်(၁၃၇)၊ ကန်တော်ကြီးရိပ်မွန်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ကုမ္ပဏီတွင် ဒါရိုက်တာ တစ်ဦးအဖြစ် ကုမ္ပဏီဖွဲ့စည်းပုံတွင် ပါဝင်ပြီး ဖော်ပြပါ Mother We Channel Co.,Ltd သည် ၎င်းအမည်ဖြင့် ငှားရမ်းလုပ်ပိုင်ခွင့်ရမြေပေါ်တွင် အဆင့်မြင့် ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်း အကောင်အထည်ဖော် တည်ဆောက်ရန် စီမံချက်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ ဦးသျှမ်းဗိုလ်မှာလည်း ကိုယ်ပိုင်အဆင့်မြင့် အထက်တန်းကျောင်း ကောင်းစုံအမည်ဖြင့်တည်ထောင်ထားသူ တစ်ဦးဖြစ်လျက်ရှိနေ၍ Mother We Channel Co.,Ltd ၏ လုပ်ငန်းအောင်မြင်စေရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ ၎င်းအမည်ပေါက် ကောင်းစုံအဆင့်မြင့် ပုဂ္ဂလိက အထက်တန်းကျောင်း၏ ဆရာ၊ ဆရာမ၊ ကျောင်းဝန်ထမ်း၊ အင်အားဖွဲ့စည်းပုံဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြမှုကို ခွင့်ပြုပေးခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးသျှမ်းဗိုလ်၏ ကောင်းစုံ အဆင့်မြင့်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဖွဲ့စည်းပုံအရ (၂-၁၂-၂၀၂၄)ရက်စွဲ ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုအမိန့်(၂၈၁/၂၀၂၄) ဖြင့် Mother We Channel Co.,Ltdမှ ရရှိသွားပြီးဖြစ်သည်။ ယခုအချိန်တွင်း ကျွန်ုပ်မိတ်ဆွေမှာကျန်းမာရေးမကောင်းသဖြင့် Mother We Channel Co.,Ltd၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်တင်ပြီးဖြစ်သည်။ ကျွန်ုပ်မိတ်ဆွေသည် Mother We Channel Co.,Ltdမှ ဒါရိုက်တာအဖြစ် နုတ်ထွက်ပြီးဖြစ်၍ ကျွန်ုပ်မိတ် ဆွေနှင့် Mother We Channel Co.,Ltdသည် လုပ်ငန်းသဘောအရလည်းကောင်း၊လူမှုရေးအရလည်းကောင်း၊တစ်စုံတစ်ရာပတ်သက်မှု မရှိတော့သဖြင့် ကျွန်ုပ်မိတ်ဆွေ၏ အဆင့်မြင့်ကိုယ်ပိုင်အထက်တန်းကျောင်း ဆရာ၊ ဆရာမ ၊ ဝန်ထမ်းအင်အားစာရင်းအား အခြေပြု၍ ရရှိသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုမိန့်အမှတ်(၂၈၁/၂၀၂၄)အား ကျွန်ုပ်မိတ်ဆွေမှ ပိတ်သိမ်းရန်လိုအပ်ပါ၍ ပိတ်သိမ်းခွင့်ပြုပါရန် ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ကျွန်ုပ်မိတ်ဆွေမှ လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် သက်ဆိုင်ရာရုံးဌာနသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသျှမ်းဗိုလ်** | **ဒေါ်စန်း** |
| **၁၂/ဒဂန(နိုင်) ၀၂၉၇၇၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၇၉)** |
| **အမှတ်(၅၄/အေ)၊ အလုံလမ်း၊** | **၆လွှာ၊ အခန်း(၆၁၈)၊ ပြည်တော်သစ်** |
| **ဒဂုံမြို့နယ်၊ ရန်ကုန်မြို့** | **ကွန်ဒို၊ အောက်ပုဇွန်တောင်၊** |
| | **ပုဇွန်တောင်မြို့နယ်၊** |
| | **ဖုန်း-၀၉-၄၂၂၄၆၅၃၄၈** |

## ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ HSU ကိုယ်ပိုင်အထက်တန်း ကျောင်း (G-10)မှ မစိုးခက်ဦး၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ဝင်း ၅/ကဘလ(နိုင်) ၁၆၆၀၆၀ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 57W/32441 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ HSU ကိုယ်ပိုင်အထက်တန်းကျောင်း (G-11)မှ မလှလင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြိုင် ၅/ကဘလ(နိုင်)၁၅၀၆၁၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၁၄၄/ခ)၊ ဧရိယာ(၂၅x၆၀)ပေ အကျယ်ရှိ ဦးဝင်းနိုင် (N/OKA-051475) အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားလျက်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်သူဖြိုး ၁၂/ဗဟန(နိုင်) ၀၉၈၇၈၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်ဆုရည် ၁၀/ကထန(နိုင်)၁၀၆၂၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးလွင် (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၅/၂၀၁၈)**
**အမှတ်(၁၂)၊ မြသီရိလမ်းသွယ်လမ်း၊ အေဝမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၇၇၅၆၇၄၂**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ HSU ကိုယ်ပိုင်အထက်တန်းကျောင်း (G-11)မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစံထွန်း ၅/ကဘလ (နိုင်) ၁၆၁၆၁၆ဖြစ်ပါကြောင်း။

## နိုင်ငံကူးလက်မှတ်ပျောက် ကြေညာခြင်း

(ဘ)ဦးညွှန့်လှိုင်၏သား ဦးနန္ဒမာလာ ၉/အမဇ(သ)၀၀၂၄၂၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် MB-199909သည် ပြည်တွင်း၌ ပျောက်ဆုံးသွားကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၇၇၁၃၃၃၇၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/86800 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဦး ၅/ရဘန (နိုင်) ၁၄၁၂၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန(ရွှေဘို)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဒယ/၉၉၄၆၀, Hond Click 125 M/C ယာဉ်လက်ဝယ်ရှိသူ မောင်သန်းနိုင်ဦး ၅/မမန(နိုင်) ၀၉၈၉၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/80972,Star Sky CZS -125,M/C ယာဉ်လက်ဝယ်ရှိသူ Sein Sabae Phyu Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/44987,Zong Shen-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိင်္ဂီစိုး ၉/မရတ(နိုင်)၁၁၃၅၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/87988 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၁၀၃/၂၀x၂၁ကြား၊ ၆၃လမ်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးမြင့်ဆွေ ကွယ်လွန်၍ကျန်ရစ်သူ ဇနီး ဒေါ်အုန်းသင် ၇/အတန(နိုင်) ၀၀၉၅၈၉ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၆၂)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ဒသမ၀၅၅၁)ဧကရှိ မြို့မြေအမှုတွဲအမှတ် ၁၃၆၆/၂၀၀၉-၂၀၁၀ဖြင့် ဂရန်စာချုပ်နံပါတ်၊ ၁၀၉၅/၂၀၀၉-၂၀၁၀ အရ ၂၀-၁-၂၀၁၀ ရက်မှ ၁၉-၁-၂၀၄၀ ရက်ထိ ဦးမြင့်အောင်အမည်ပေါက် နှစ်(၃၀) သက်တမ်းရှိ ထုတ်ပေးထားသော ဂရန်မြေကွက်နှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၉-၁၀-၂၀၁၀ရက်စွဲပါ စာအမှတ် ၅/၄၃-၀၆၃/ဦး ၆ (၅၄၅၃)ဖြင့် မြေနေရာချထားမှုပယ်ဖျက်ပြီးဖြစ်ခြင်း၊ ၎င်းမြေနေရာချထားမိန့်အရ ထုတ်ပေးထားသော ဂရန်စာချုပ်အား ကာယကံရှင်မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ပြန်လည်အပ်နှံပြီးဖြစ်ခြင်းတို့ကြောင့် ဦးမြင့်အောင် အမည်ပေါက် ဂရန်စာချုပ်နံပါတ် ၁၀၉၅/၂၀၀၉-၂၀၁၀ အား ၁၃-၁၂-၂၀၂၄ ရက်စွဲပါ ဂရန်ပယ်ဖျက်မိန့်အမှတ် (၈၇/၂၀၂၄)ဖြင့် ပယ်ဖျက် ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ (၅) လမ်း၊ အမှတ် (၄၄၀/က)၊ မြေအကျယ်အဝန်း (၂၀ x ၆၀) ပေ၊ ဧရိယာ (၁၂၀၀ စတုရန်းပေ) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်နေသည့် (၁)ခန်းတည်း (၆) ထပ်တိုက် RC အဆောက်အအုံ၏ ပထမထပ် (၂)လွှာ၊ အခန်းအကျယ်အဝန်း (၁၈x၅၄) ပေ၊ အမြင့် (၉)ပေရှိ တိုက်ခန်းတစ် ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အခန်းပေးအခန်းယူစနစ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ကန်ထရိုက်တာ ဦးချိုတူး (၁၂/လမန(နိုင်)၁၂၈၅၀၁)၊ ဦးကျော်ဇေယျာထွန်း (၁၂/တမန(နိုင်) ၁၀၉၄၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်အမာကြည်** | **ဒေါ်ယဉ်ယဉ်သူ (LL.B)** |
| **၁၂/ဥကတ(နိုင်)၀၅၇၂၆၂** | **အထက်တန်းရှေ့နေ (စဉ် - ၂၅၈၃၂)** |
| | **ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊၀၉-၇၇၇၀၀၄၉၈၁** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/A)၊ မြေကွက်အမှတ်(ဃ/၃၆)၊ ဦးတင်မောင်ထွေး ၁၂/မရက(နိုင်)၀၄၂၁၉၆၊ ဒေါ်အေးအေးရီ ၁၂/မရက(နိုင်) ၀၄၂၂၀၉ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက် အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ် (၃၆)၊ သစ္စာ(၁)လမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ မြေကွက်အမှတ် (၃၅)နှင့် ကပ်လျက်(အလျား ၂၀ x အနံ ၆၀)ပေ (ဘယ်ဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီနီမြင့် ၁၂/ဒလန(နိုင်) ၀၄၉၁၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခိုင်စံပယ်ဝင်း** | **ဒေါ်ယဉ်ယဉ်သူ(LL.B)** |
| **၁၂/ရကန(နိုင်) ၀၀၁၈၈၉** | **အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)** |
| | **ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၇၀၀၄၉၈၁** |

## မြေနှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရေပုန်းရပ်ကွက်၊ ဇောတိကလမ်းရှိ ကွင်းအမှတ်-၃၂(ရေပုန်းကွင်း)၊ ဦးပိုင်အမှတ် (၄၀/၃၆)၊ မြေဧရိယာ (၀.၀၂၃)ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ရရှိသူ ဦးသန်းထူးမောင် ၆/မမန(နိုင်)၂၀၀၀၁၃နှင့် ဒေါ်စန်းပို ၆/မမန(နိုင်)၁၄၄၃၁၅တို့မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်တွင် ကျွန်ုပ်မိတ်ဆွေများထံသို့ ကာလတန်ဖိုးနှင့်အညီ ရောင်းချထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ပြုလုပ်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက တိကျခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်း အထောက်အထားပြည့်စုံစွာဖြင့် ဤကြေညာစာပါပြီး(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်ထွန်း၊ ဒေါ်နွယ်နွယ်အေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၆၃)**
**အမှတ်(၁၂/ခ)၊ ရွှေပဒုမ္မာလမ်း၊ မြို့သစ်(၆)ရပ်၊ မြိတ်မြို့။**
**ဖုန်း- ၀၉-၂၅၂၀၈၄၅၀၉**

## အမည်ပြောင်း

ဦးမျိုးလွင်-ဒေါ်အိရွှေဇင်တို့၏သား၊ မြိတ်မြို့၊ အမက(မြစ်ငယ်) KGတန်းမှ မောင်ညီမိုးထက်လင်းအား ယနေ့မှစ၍ မောင်စိုးမြတ်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စိုးမြတ်ထွန်း**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်မှ ဦးသန်းဝေ၏ သမီး မအိသန္တာ ၅/စကန(နိုင်) ၂၄၄၁၉၈ ၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၃-၁၉၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့၊ အထက G-10 တွင် ပညာသင်ကြားနေသော မအိမ္မွန်သူ ၈/ငဖန(နိုင်) ၀၅၆၉၀၅၏ ဖခင်အမည်မှန်မှာ ဦးဖိုးဇော် ၈/ငဖန(နိုင်) ၀၃၉၀၄၀ဖြစ်ပါကြောင်း။

**ဦးဖိုးဇော်**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံ လေးကျင့်ရေး အထက်တန်းကျောင်းGrade-11မှ မောင်ဘုန်းမြတ်သီဟ ၏ဖခင်အမည်မှန်မှာ ဦးကျော်သူယျ ၂/လကန (နိုင်) ၀၆၈၆၇၈ဖြစ်ပါကြောင်း။

**ဦးကျော်သူယျ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇-ဂျီ )၊ ကျောက်ဖူးလီကုန်းရပ်၊ ဦးပိုင်အမှတ်(၁၂-ဆ၁)၊ မြေဧရိယာ(၀ဒသမ၀၆၆)ဧကရှိမြေအား ဦးကျော်စွာဝင်း၊ ဒေါ်လှိုင်လှိုင်ဝင်းတို့မှ ခွဲစိတ်အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ် (၄၅)၊ ဧရိယာ (၀.၀၆၃၁)ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အာရ်စီ(၃)ထပ် အပါအဝင် HOTEL RICH QUEEN ဟိုတယ်လုပ်ငန်းနှင့် မြေပေါ် မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မူလပိုင်ရှင် ဒေါ်စုလတ်ဝင်းထံမှ (၃-၈-၂၀၁၆)ရက်နေ့က ငွေကျပ်သိန်း(၉၃၅၀)(ကျပ်သိန်းကိုးထောင့်သုံးရာငါးဆယ်)ဖြင့် ဒေါက်တာဆန်းထွန်းကျော်+ဒေါက်တာ ဒေါ်နုနုခိုင်မြင့်တို့မှ ဝယ်ယူ၍ ယင်းနေ့၌ပင် ဖော်ပြပါပစ္စည်းအရပ်ရပ်ကို လက်ရောက်ရယူပြီး ဟိုတယ်လုပ်ငန်းအားလည်း ဒေါက်တာဆန်းထွန်းကျော်- ဒေါက်တာဒေါ်နုနုခိုင်မြင့်တို့မှပင် ယနေ့တိုင် လက်ရှိထား ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါက်တာဆန်းထွန်းကျော်(ဘ)**
**ဦးကျော်မြ-ဒေါက်တာဒေါ်နုနုခိုင်မြင့်(ဘ)**
**ဦးလှမြင့်**
**နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့**

## မြေကွက်အမှတ်(ပ-၃၁၆၄၄)၏အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ပုဗ္ဗသီရိရပ်)၊ မြေကွက် အမှတ် (ပ-၃၁၆၄၄)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ (၀.၀၅၅)ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဝါဝါမင်း (ဘ) ဦးအောင်မြင့် (၉/ပမန(နိုင်)၀၀၁၁၂၃) အမည်မှတ်သား တည်ရှိသည့် နှစ်(၃၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ မြေကွက်အမှတ် (ပ-၃၁၆၄၄)၏ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးအောင်ခင်ဦး(ဘ)ဦးထွန်းဦး (၁၂/ဒဂတ(နိုင်)၀၃၉၀၆၁)သည် အဆိုပါမြေကွက်အား ၎င်းမှ လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်း၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဟိန်းထွန်း (ဘ)ဦးရဲကြည် (၉/မဟမ(နိုင်) ၀၄၆၄၅၇)ထံ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှ ကမ်းလှမ်းချက်ကို လက်ခံပြီး (၁၆-၁၂-၂၀၂၄)ရက်တွင် အပြီးအပိုင် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ မြေကွက်အမှတ်(ပ-၃၁၆၄၄)၏အကျိုးခံစားခွင့် အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်အမှတ်(ပ-၃၁၆၄၄)၏ မြေကွက်အမည်ပေါက် မှတ်တမ်းပြောင်းလဲခြင်းကိစ္စရပ်ကို အစိုးရဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်ဟိန်းထွန်း** | **ဒေါ်ခင်ဆုဆုလှိုင်(LL.B)** |
| **(၉/မဟမ(နိုင်)၀၄၆၄၅၇)** | **အထက်တန်းရှေ့နေစဉ်-၅၃၈၉၅(၂၀-၁၁-၂၀၂၀)** |
| **ဖုန်း-၀၉-၉၄၀၀၀၀၉၅၀** | **အမှတ်(ပ-၃၀၈၁၈)၊ ဇဝနဒီပရပ်ကွက်၊** |
| | **ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊** |
| | **ဖုန်း ၀၉-၄၄၄၀၃၇၃၄၉** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၁၃စီ/ရွာဘဲအရှေ့အကွက်၊ ဦးပိုင်အမှတ် ၇၃က၊ မြို့ မြေအမျိုးအစား၊ ဧရိယာ(၀ဒသမ၀၇၁)ဧကရှိသော ဘိုးဘပိုင်မြေကွက်အား ဒေါ်စိန်တင်၊ ဦးဘဘ၊ ဦးတင်ဝင်းနှင့် ဦးတင်လေးတို့ထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၁၄၀/၂၀၂၄ဖြင့် ချုပ်ဆိုဝယ်ယူပြီးဖြစ်သည့်အတွက် ဦးကျော်မျိုးနိုင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်မျိုးလွင်)မှ မိမိ၏အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်မျိုးနိုင်**
**(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်မျိုးလွင်)**
**အမှတ်(၄၃၉)၊ ကမ်းနားလမ်း၊ ကျောင်း/အိုးရပ်ကွက်၊ ပြည်မြို့**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိုးသောက်ပန်း အကယ်ဒမစ်စင်တာ ကိုယ်ပိုင် အထက်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မကေဇင်ရွှန်းလဲ့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဖြိုးဦး(ခ)ဦးဇေယျာ ဖြစ်ပါ ကြောင်း။

**ဦးအောင်ဖြိုးဦး(ခ)ဦးဇေယျာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/13285, Yamaha FZ-150 ယာဉ်လက်ဝယ် ရှိသူ Ever Ok Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/94111 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးစန်း ၇/ဖမန(နိုင်)၂၂၀၀၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## အမည်ပြောင်း

(ဘ)ဦးဝင်းထိုက်၏သမီး မြိတ်မြို့၊ မြင်းမိုရ် ကိုယ်ပိုင် အထက်တန်းကျောင်း KG တန်း (403)မှ မသုဝသီဦးအား ယနေ့မှစ၍ မအမရာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအမရာဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၈-၁၁-၂၀၂၄)ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃)ပါ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ဒေါ်အေးမျိုးသင်း အမည်ပေါက် ကန့်ကွက်ကြော်ငြာတွင် ဥ-၇၇၈၁ အစား ဥ-၇၇၀၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ (၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၃၉၆)၊ ဦးစိုင်းတစ်အောင်(နောင်တုံကုမ္ပဏီ)၊ (ဘ)ဦးဟိုရီ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးဇာနည်လှိုင် ၁၄/နေဖ(နိုင်)၀၉၁၀၂၆၊ (ဘ) ဦးစိန်လှိုင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၀၅/၂၀၂၂ (၂၃-၆-၂၀၂၂)တင်ပြ၍ ဒေါ်မီမီသန့်ဇင် ၅/ငဇန(နိုင်)၀၆၆၁၅၁၊ (ဘ) ဦးခင်မောင်ဇင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူး ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊မြေဧရိယာ ၀.၂၂၉ဧက၊ မြေကွက်အမှတ်(ဥ-၅၀၂၇)ဦးနေမျိုးဝင်း ၁၀/ဘလန(နိုင်)၀၁၈၂၆၆(ဘ)ဦးနေဝင်းနှင့် ဒေါ်ခင်မမ ၁၀/ပမန(နိုင်)၀၀၈၅၅၅ (ဘ)ဦးဝင်းတို့၏အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်သူမင်းဟန် ၉/အမဇ(နိုင်)၀၃၁၂၆၁(ဘ) ဦးမင်းဟန်မှ နေပြည်တော် မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၉၄/၂၀၂၃(၇-၈-၂၀၂၃)တင်ပြ၍ ဒေါ်ရှင်းသန့်မှူး ၉/ဇဗသ(နိုင်)၀၀၅၉၇၀(ဘ)ဦးစိုးမြင့်၏အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ၂၃(ကမာရွတ်)၂၆၊ ၂၈(သမိုင်း)၊ မြေကွက်အမှတ်-၃၀၊ ဧရိယာ-၀.၀၈၃၈ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ မင်းဓမ္မအိမ်ရာ၊ အမှတ်-၃၀ ဟုခေါ်တွင်သည့် (၅)ထပ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လော်ရင်းလော်င် (၁၃/လကန (နိုင်) ၀၂၇၂၆၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အဦးအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀ ၁၆၃၅၂ ၀၉-၅၅ ၀၆၅၅၆။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၈၀၉၆၉, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသက်ဖူး ၆/မမန(နိုင်)၂၃၄၂၈၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၆၂၃၁၆, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးသီဟနိုင် ၆/မမန(နိုင်)၁၉၁၁၆၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၄၁၆၄၉, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမြတ်သူ ၆/ပလန(နိုင်)၀၉၄၆၃၉မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/86373, Honda Wave 100 ယာဉ်လက်ဝယ် ရှိသူ ဦးချမ်းမြေ့အောင် ၁၄/အဂပ(နိုင်)၁၇၂၀၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/66436 ယာဉ် လက်ဝယ်ရှိသူ ဒေါ်ဖြိုးနန္ဒာအောင် ၇/ရတရ(နိုင်)၂၀၁၇၃၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရွှေတောင်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅

၁။ ဦးရီဇော်အောင် **နှင့်** ဒေါ်ကုမာရီ
၂။ ဒေါ်ဆုမွန်မြင့်
**(တရားလိုများ)** **(တရားပြိုင်)**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ကြာနီကန်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းနေ တရားပြိုင် ဒေါ်ကုမာရီ (ဘ) ဦးစံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရီဇော်အောင်နှင့် ဒေါ်ဆုမွန်မြင့်တို့က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (၁၃၈၆ခု၊ ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုသည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ရွှေတောင်မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/3608 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ရွှေတောင်မြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

၁။ ဦးရီဇော်အောင် **နှင့်** ဦးထွန်းမင်း
၂။ ဒေါ်ဆုမွန်မြင့်
**(တရားလိုများ)** **(တရားပြိုင်)**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆင်စုရပ်ကွက်၊ တိကျစ်ဆုံလမ်းနေ တရားပြိုင် ဦးထွန်းမင်း(ဘ)ဦးအေးထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးရီဇော်အောင်နှင့် ဒေါ်ဆုမွန်မြင့်တို့က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၄ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ရွှေတောင်မြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အခန်းအမှတ်(၂၉)၊ တိုက်(၅၂/B2)မှ ဒေါ်ဇင်ဇင်ကျော် ၁၂/ကမန(နိုင်)၀၈၀၆၁၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၇-၁၉၈၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်ဟန်စုမော် ၁၂/လမန(နိုင်) ၁၃၃၉၁၈၏ အမည်မှာ ဒေါ်ဟန်စုမော်နှင့် ဒေါ်ဟန်စုမော်(ခ) ဒေါ်သန်းသန်းထွေး ဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

မြစ်သားမြို့နယ်၊ အမက ပုဏ္ဏားရွာနေ ဒေါ်မြကျင် ၉/မသန(နိုင်)၀၁၀၉၅၂ မူလတန်းပြ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၄-၁၉၆၈ ဖြစ်ပါကြောင်း။

**ဒေါ်မြကျင်**
**၉/မသန(နိုင်)၀၁၀၉၅၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အထက(ခွဲ) အလက(၄)ကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်သန်းမူ ၁၀/မလမ(နိုင်) ၀၅၀၈၉၅၏ ဖခင်အမည်မှာ ဦးကြည်တင်(ခ)ဦးကြီးတင် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ မြေတိုင်းအမှတ်(၈)၊ ကွင်းအမည်-သွန်းဘုရားကြီးရပ်၊ ဦးပိုင်အမှတ်(၆၃)၊ မြေဧရိယာ ၀.၀၃၃ဧကရှိ မြောက်ဘက်-ဦးပိုင်အမှတ်(၆၂)၊ အရှေ့ဘက်-ကျုံး၊ တောင်ဘက်-ဦးပိုင်အမှတ်(၆၄)၊ အနောက်ဘက်-ဆေးရုံ ဟောင်းလမ်းရှိ မြေကို ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်နေ ဦးဝင်းထွဋ်လတ်၊ဒေါ်သန္တာဝင်း၊ ဒေါ်နန်းဝင်းမိုးတို့မှ သက်တမ်းတိုး၊ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး၊ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ် (၄) ရပ်ကွက်၊ ဘူတာလမ်း၊ အိမ်အမှတ် (၄/၆၅) နေ ဒေါ်ခင်အုံးကြည် ၁၃/ကလန(နိုင်) ၀၀၄၀၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်-

ဒေါ်ခင်အုံးကြည်နှင့် ခင်ပွန်းဖြစ်သူ ဦးမောင်သန်း (၁၃/ကလန(နိုင်) ၀၀၄၀၁၈)(၂၆-၈-၂၀၀၉)ရက်တွင် (ကွယ်လွန်သူ) တို့တွင် ဦးမောင်သန်းအမည်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (ယခင်တောင်ကြီးခရိုင်)ယခုကလောခရိုင်၊ ကလောမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်(၈၉/၂၂၇+၉၃+၉၂/၁၄၄)၊ ဦးပိုင်အမှတ် (၄၆/က+၄၆)၊ အကျယ်အဝန်းဧရိယာ (၀.၀၅၈)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘူတာလမ်း၊ အိမ်အမှတ်(၄/၆၅) နေအိမ်အဆောက်အအုံတို့ ကျန်ရှိခဲ့ပါသည်။ ယခုအခါ အဆိုပါမြေနှင့် အဆောက်အအုံတို့မှာ ဒေါ်ခင်အုံးကြည် အမည်သို့ပြောင်းလဲပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ၎င်းမြေနှင့်အဆောက်အအုံတို့နှင့်တကွ ၎င်းမြေနှင့် အဆောက်အအုံပေါ်တွင် ငှားရမ်းထားသောပုလဲစတိုးနှင့် ဆိုင်ခန်းများတို့ကို အမည်ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ခြင်း၊ အမွေဆိုင်အချင်းချင်းလွှဲပြောင်းခြင်း၊ တိတ်တဆိတ် သဘောတူခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို အမည်ပေါက် ပိုင်ရှင်ဒေါ်ခင်အုံးကြည်၏သိရှိသဘောတူခွင့်ပြုခြင်းမရှိဘဲ ဆောင်ရွက်ခြင်းမပြုလုပ်ကြရန် အတိအလင်းတားမြစ်အပ်ပါသည်။ အကယ်၍ ဒေါ်ခင်အုံးကြည်၏ သဘောတူခွင့်ပြုသိရှိခြင်းမရှိဘဲ ပြုလုပ်ပါက ဒေါ်ခင်အုံးကြည်တွင် တာဝန်မရှိဘဲ ပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်းနှင့် အကယ်၍ တားမြစ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်အုံးကြည်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသောင်းရွှေ (LL.B, D.B.L., D.M.L., D.I.L)**
**Dip. in Global English**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၉၁)**
**အမှတ် (၁)၊ မြေညီထပ်၊ ၃၄လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၂၂၉၈**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ဏ/၄၀၊ လူနေရပ်ကွက် အမှတ်-၁၄၊ အောင်သုခလမ်း၊ အမှတ်-၁၇၄၇(က)၊ အကျယ်ပေ(၂၀ x ၆၀)၊ ဦးကြည်ဝင်းအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်ကြီးအနက်မှ အကျယ်ပေ(၁၀x၆၀)၊ ခေါင်းရင်းဘက်ခြမ်းရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်မောင်ဝင်း (၁၄/မမက(နိုင်)၀၀၂၈၅၀)ထံမှ ကျွန်ုပ် ဒေါ်သီသီထွန်း (၁၂/ရပသ(နိုင်)၁၁၀၄၆၇)က အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်ဒေါ်သီသီထွန်းမှသာ စီမံခန့်ခွဲပြန်လည်ရောင်းချခွင့်ရှိကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်သီသီထွန်း ၁၂/ရပသ(နိုင်)၁၁၀၄၆၇**
**အမှတ်-၃၃၉(က)၊ မဟာမြိုင်ပန်းခြံ၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉- ၄၅၆၁၃၃၈၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၃ )၊ မြေကွက်အမှတ်(၂၉)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား ဒေါ်အေးအေးသိန်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မြေကွက်ချထားပေးခြင်းခံရသူ ဦးညွန့်စိန် ကွယ်လွန်ပြီးဖြစ်၍ ၎င်း၏ တစ်ဦးတည်းသော ဇနီးဒေါ်သန်းတင်(ခ)ဒေါ်သန်တင့်ထံမှ ဒေါ်ဖြူဖြူဝင်းအနေဖြင့် အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုလက်ရှိ ပိုင်ဆိုင်အသုံးပြုလျက်ရှိသော အဆိုပါ မြေကွက်အတွင်းရှိ အကျယ် (၁၃ပေx ပေ၄၀) အကျယ်အဝန်းရှိ မြေပြင်တွင် ဝင်းခြံကာရံထားရှိပြီး အမြင်အတိုင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အအုံနှင့် ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲသူရ (LLB,D.B.L) (စဉ်-၁၈၂၉၅)**
**တရားလွှတ်တော်ရှေ့နေ**
**အိမ်အမှတ်(၀တ -၂၈၄)၊ ရတနာ့ဂူဘုရားလမ်း၊ ကြောင်လျှာရပ်၊ ဝယ်ထိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/2836 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်ကို ၁၄/အမတ(နိုင်)၀၄၆၆၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/5595 Lexus NX300 AGZ 15L Station Wagon (4x4)Lယာဉ်လက်ဝယ်ရှိသူ ဦးမိုးညာဏ်ထွန်း ၉/ခအဇ(နိုင်)၀၁၆၈၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/7385 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၂

| | | |
|---|---|---|
| ဒေါ်ပန်းအိချစ် | နှင့် | ဒေါ်ရီရီ(ခ)ကျောက်ပင်းမေ (၎င်း၏အထူးကိုယ်စားလှယ် ရသူ ဦးအောင်မျိုးမင်း) |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(အ-၂၀/၂၇)၊ ငွေတော်ကျီကုန်းရပ်ကွက် နေ ဒေါ်ရီရီ(ခ)ကျောက်ပင်းမေ (၎င်း၏အထူး ကိုယ်စားလှယ်ရသူ ဦးအောင်မျိုးမင်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ရီရီ (ခ) ကျောက်ပင်းမေ (၎င်း၏ အထူးကိုယ်စားလှယ်ရသူ ဦးအောင်မျိုးမင်း) သင့်အပေါ်၌ တရားလို ဒေါ်ပန်းအိချစ်က ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက် အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဒေါ်ရီရီ(ခ)ကျောက်ပင်းမေ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၈၈လမ်း၊ (၂၆x၂၇) ကြားတွင်နေထိုင်သူ ဒေါ်ရတနာချစ် (ဘ) ဦးပိုချစ် ၉/အမဇ(နိုင်)၀၅၂၃၉၁အား ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးဝင်းဇော်ဦး (ဘ) ဦးတင်မိုး ၉/အမဇ(နိုင်)၀၄၅၈၂၅၂ သည် ၁၇-၁၁-၂၀၂၄ ရက်တွင် နှစ်ဦးသဘောတူစွန့်လွှတ်စာချုပ် ချုပ်ဆိုပြီး ထိုပစ္စည်းများအားစွန့်လွှတ်ပေးသည်။ ပစ္စည်းများမှာ-

(က) မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မြောက်ပုလင်းဝင်းရပ်၊ အကွက်အမှတ်(၁၂၃)၊ ဦးပိုင်အမှတ်(၁၀/၂)၊ အလျား၁၅ပေxအနံ ပေ၃၀ ကျယ်ဝန်းသော မြေကွက်၊
(ခ) မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အရှေ့ပုလင်းဝင်းရပ်၊ အကွက်အမှတ်(၁၂၄)၊ ဦးပိုင်အမှတ်(၁၀၈)၊ ဧရိယာ ၀ ဒသမ ၀၂၅၄ဧက၊
(ဂ) ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာအုပ်စု၊ ညံ့ညင်းကျေးရွာအတွင်းရှိ (အလျား ၇၆ပေx၆၈ပေ)၊ အနံ ၄၈ပေx၄၇ပေမြေကွက်
(ဃ) Malibu 9R/5246 ကားနှင့်
(င) Pick up(4x2)(R) 9N/873 ခွေးဘီလူးအားတို့ဖြစ်သောကြောင့် နောက်နောင် ဦးဝင်းဇော်ဦးသည် အထက်ပါစွန့်လွှတ်သည့် ပစ္စည်း(၅)မျိုးနှင့်ပတ်သက်၍ မသက်ဆိုင်သည့်အပြင် ဒေါ်ရတနာချစ် တစ်ဦးတည်းသော တရားဝင်ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှ(LL.B, LL.M) (စဉ်-၁၂၅၆၅)**
**တရားလွှတ်တော်ရှေ့နေ**
**မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်လေးကွက်သစ်**
**ဖုန်း-၀၉-၇၆၅၇၅၈၈၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/43595 Thai Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်အောင် ၉/ပကခ(နိုင်)၀၂၂၉၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ဃ/၁၉၂၉၈ Hi Bo Bo 110 ယာဉ်လက်ဝယ်ရှိသူ Dote Htawaddy Princess Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## မွေးသက္ကရာဇ်အမှန်

ဦးကျော်လင်းအောင်၏သား မော်လမြိုင်မြို့၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ Grade-6 တန်းမှ မောင်စွမ်းထက်ဟိန်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၂-၂၀၁၁) ဖြစ်ပါကြောင်း။

**မောင်စွမ်းထက်ဟိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/59377 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖွေး ၅/ယမပ(နိုင်)၀၄၈၇၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/61947 Canda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လေးလေးခိုင် ၉/တကန(နိုင်)၀၀၀၈၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/5963 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြုံးပြုံးဇင် ၆/လလန(နိုင်)၁၂၀၀၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ခန်းအုပ်စု၊ ကုလားရွာ၊ အိမ်အမှတ်(၁၀၅)၊ ဧရိယာ ပေ(၄၀x၇၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိတရားဝင်နေထိုင်ပိုင်ဆိုင်ထားကြပြီး ရောင်းချခွင့်ရှိသူများဟုဆိုကြသည့် (၁) ဦးရှိုင်းအောင်သူ (ဘ) ဦးလင်းအောင် ၉/အမရ(နိုင်)၁၄၇၀၆၁၊ (၂) ဒေါ်နွယ်နီအောင် (ဘ) ဦးဝင်းအောင် ၉/အမရ(နိုင်)၁၄၀၄၁၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်အောင် (ဘ) ဦးအောင်ခိုင်ဦး ၉/အမရ(နိုင်)၁၃၃၀၂၉မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းရဝေလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၈၃၇)**
**၅၅x၅၆လမ်းကြား၊ ၁၁၅(ဒီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်သန်းအေး ၉/မထလ(နိုင်)၁၃၇၂၁၆ (ဘ) ဦးလှရိုးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၄၃၁၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၈/၂၀၂၂(၁၅-၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းလှနှင်းခိုင် ၁၃/ပလန(နိုင်)၀၀၀၂၈၂ (ဘ)ဦးခမ်းထွန်းမှ ဒေါ်ခင်နီလာဦး ၉/စကတ(နိုင်)၀၇၆၇၁၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ အနီးစခန်း ကျေးရွာ၊ ကွင်းအမှတ်(၆၆၄-က)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ ၀ ဒသမ ၆၂ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ ၂၈-၁၁-၂၀၀၃ ရက်စွဲပါ ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင် နေအိမ် အရောင်းအဝယ်စာချုပ်အမှတ်(၃၄/၂၀၀၅)မူရင်းမှာ ပိုင်ရှင် ဒေါ်တင်တင်ထွေး (WMDY-314873) ၉/မရတ(နိုင်)၀၁၀၉၀၄ ၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင် တာဝန်ခံမိတ္တူမှန် ပြန်လည်ထုတ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မှတ်ပုံတင်နေအိမ်အရောင်းအဝယ်စာချုပ်အမှတ် (၃၄/၂၀၀၅)မူရင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကျွန်မ ဒေါ်တင်တင်ထွေးမှ တာဝန်ခံမိတ္တူမှန်အား ပြန်လည်လျှောက်ထားရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ထွေး**
**(WMDY-314873၊ ၉/မရတ (နိုင်) ၀၁၀၉၀၄)**
**ခြံအမှတ်(၂၄)၊ ၂၉လမ်း၊ ၈၇x၈၈လမ်းကြား၊**
**ဒေါင်းရိုးရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၉၈၈၁၆၃၂၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/5906 TOYOTA PROBOX STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဦးကံညွန့် ၅/အရတ(နိုင်)၀၃၇၇၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/8974 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ဥက္ကာ(၅)လမ်း၊ မြေကွက်အမှတ် (၁၄၃/က)၊ ဦးခင်အောင် အမည်ပေါက် မြေအကျယ်အဝန်းပေ (၂၀x၆၀)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ဟုန် ၁၂/ဥကမ(နိုင်)၀၃၄၂၆၁ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ (၆)ထပ်တိုက် အဆောက်အအုံမှ မြေညီထပ်တိုက်ခန်းအား မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်း ကင်းစွာဖြင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ကြောင်း ဝန်ခံကတိပြု၍ မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၆)ထပ် တိုက်အဆောက်အအုံမှ မြေညီထပ်တိုက်ခန်းအား အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်မထံသို့ စကားကမ်းလှမ်းရာ ကျွန်မက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်တိုင် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်လှသန်းဝင်း**

**အမှတ် - ၇၁၊ မြေညီ (ညာ)၊ ဤဍ္ဍာသယလမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ တာမွေ၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၉၉၆၆၇၇၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/1799 TOYOTA MARK II SALOON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါ ၅/မရန(နိုင်)၀၈၂၄၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/19593 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဥက္ကာလင်း ၁၄/ဘကလ(နိုင်)၂၄၈၄၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/10827 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၄/ဘကလ(နိုင်)၁၅၂၁၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/30159 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဝင်းကို ၁၄/ဒဒရ(နိုင်)၂၄၁၈၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/94422 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်း ၁၄/မမက(နိုင်)၁၇၅၈၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/21516 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Sein Wagle Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/61509 Honda 110, M/C ယာဉ်လက်ဝယ်ရှိသူ Mei Hua Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/91642 Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြ ၅/ကသန(နိုင်)၀၅၇၇၃၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/27364 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/51979 Roven Scoopyi 125 ယာဉ်လက်ဝယ်ရှိသူ Nann Shwe Li Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/82647 Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်အောင် ၉/အမဇ(နိုင်)၁၀၁၀၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/11559 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Thiri Tayza Min Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/77715 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံရဲလင်းဦး ၉/မတရ(နိုင်)၁၇၉၁၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/1011 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**
**မြစ်ကြီးနားမြို့**

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ယောက်သွားအင်းရပ်ကွက်၊ သံတိုင်လမ်းနေ ဦးရာဇာထွန်း ၅/ရဘန(နိုင်)၁၇၉၅၅၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၉၄၄၈၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/5427 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/5380 JDN BAI Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ Mann Myittar Trading Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4I/6143 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင် ၉/မသန(နိုင်)၁၅၅၃၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၆၃၉၀၀ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးဒံသီရစ် ၅/ကသန(နိုင်)၀၈၃၁၉၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း/သစ်မာ (သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

**(က) ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

ကျွန်းသစ်လုံး(ရန်ကုန်) (၄၀၀)တန်ခန့်၊ သစ်မာသစ်လုံး (ရန်ကုန်/နယ်) (၂၀၀၀) တန်ခန့် **(ပျဉ်းကတိုး၊ ကညင်၊ အင်၊ ထောက်ကြန့်၊ စကားဝါ၊ သဒီ နှင့် အခြားသစ်မျိုးများ)**၊ကျွန်းခွဲသား(၄၀)တန်ခန့်၊သတ-ဖ ကျွန်းခွဲသား (၂၅) တန်ခန့်၊ သတ-ဖ ပိတောက်ခွဲသားနှင့် ပျဉ်းကတိုးခွဲသား(၆)တန်ခန့်(ရန်ကုန်/နယ်)

**(ခ) သစ်အခြေခံစက်မှုလုပ်ငန်းဌာန**

ကျွန်းခွဲသား (၂၅၀)တန်ခန့် နှင့် သစ်မာသစ်လုံး (၄၁၆)တန်

(ဂ) **ရောင်းချမည့် ရက်နှင့်အချိန်** - (၇-၁-၂၀၂၅)ရက်၊ နံနက်(၉:၀၀)နာရီ

(ဃ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက်ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များ အနေဖြင့် လိုအပ်သော ကုန်ကြမ်းများအား ဝင်ရောက် ယှဉ်ပြိုင် ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

၄။ **ဆက်သွယ်ရန် ဖုန်း-၀၁-၂၈၇၄၃၀၊ ၀၁-၅၂၈၇၇၃၊ ၀၁-၅၂၈၇၆၄**

## HSL Constructor Myanmar Company Limited

**Notice Under Section 211 Insolvency Law 2020**

**(Members Voluntary Winding-Up)**

**Subject :** Invitation of the final meeting for completion of voluntary winding-up of theCompany

Inviting the shareholders to attend the board of director meeting to submit and confirmation of the Company's accounts.

**Meeting Date** - 20-12-2024
**Meeting Time** - 10:00AM
**Meeting Place** - Unit 19-10, 19th floor, Sule Square Office Tower, Sule Pagoda Road, Kyauktada Township, Yangon.

The liquidation officer will submit the report with an explanation and settlement of accounts in the above meeting.

All shareholders are invited to attend the board of director meeting accordingly.

Mr. Quek Gim Cheng
Managing Director
HSL Constructor Myanmar Co., Ltd.

Liquidator
U Kyaw Myo Thu (LL.B)
Advocate-11353 (27-10-2016)
Liquidator (MAIP Member 00106)
No. (1127), 6th Floor, Kamahtan Street, Myinttatnyut Quarter, Tamwe Township, Yangon
Ph:09-777773839, 09-666663237

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိဇုန် (City Loft)၊ တိုက်အမှတ်(CL10)၊ အခန်းအမှတ် (၆၀၅)၊ တိုက်ခန်းအမျိုးအစား (Studio)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၃၁၂)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးသိန်းဌေး ၃/ကဆက(နိုင်)၀၀၁၇၈၇တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းကိုအောင် ၇/ပမန(နိုင်)၁၂၆၆၄၈**
**ဖုန်း-၀၉-၇၇၇၄၄၇၂၂၂**

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၁၉၀၊၁၉၄)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် - 13 F2 (ယခင် - F2)၊ မြေကွက်အမှတ် (II 5)၊ မြေဧရိယာ (၁၀၀ပေx၆၀ပေ)နှင့် ကျောက် တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ် (၁၇၁၊ ၁၇၅) ဟုခေါ်တွင်သော မြေတိုင်း ရပ်ကွက်အမှတ် 13 F2 (ယခင် - F2)၊ မြေကွက်အမှတ် (II 8 နှင့် 9 ) မြေဧရိယာ (၁၀၀ပေ x ၄၀ပေ)ရှိ အကျယ်အဝန်း (၁၀၀ပေ x ၁၀၀ပေ) မြေကွက်ကို (၂၈-၀၃-၁၉၆၁) ရက်နေ့တွင် အင်ဖိုင်းမော်တော်ကုမ္ပဏီပိုင်အဖြစ် ရှယ်ယာရှင် (၂၇)ဦး၏ ပိုင်ရေးဆိုင်ခွင့်အဖြစ် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ၁၈-၃-၁၉၆၄ ရက်တွင် ပြည်သူပိုင်သိမ်းယူခြင်းခံခဲ့ရ၍ (၁၁-၀၆-၁၉၇၇) ရက်နေ့တွင် ၃၇-လမ်း၊ အမှတ်-၁၇၁/၁၇၅ (၁၀၀ ပေ x ၄၀ ပေ)မြေကွက်နှင့် အဆောက်အအုံကို ပုံစံ(၃)ဖြင့် ပြန်လည်ရရှိခဲ့သော မြေကွက်နှင့် အဆောက်အအုံကို အစုရှယ်ယာရှင် (၅)ဦး၏ ပိုင်ရေးဆိုင်ခွင့်ရှိသူမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း ကိစ္စရပ်များကို ခွင့်ပြုဆောင်ရွက်စေခဲ့ခြင်းမရှိကြောင်း၊ အများသိစေရန် သတိပေး ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျော့ကျော့လှိုင် (LL.B, LL.M, D.I.L,D.M.L,D.B.L, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၀၉၉)**
**အမှတ်(၈၅)၊ ၃-လွှာ၊ ၁၃- လမ်း (အလယ်)၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၀၄၉၆၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

မိတ္ထီလာမြို့နယ်၊ ကန်သာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၂-ည/စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ်(ဂျီ-၁/၇)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ မြေကွက်သည် ဦးဆန်းညွန့်အမည်ဖြင့် (၇-၈-၂၀၁၄) မှ (၆-၈-၂၀၄၄)အထိ နှစ်(၃၀)စက်မှု/စီးပွားမြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား ၁၉-၁၁-၂၀၂၄ ရက်တွင် ဦးဆန်းညွန့်၏ကိုယ်စား အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်သန္တာစိုးထံမှ ဦးပြည့်ဖြိုးချမ်းသာက မှတ်ပုံတင်စာချုပ်ချုပ်ဆို ဝယ်ယူပြီးနောက် ဦးပြည့်ဖြိုးချမ်းသာ ၉/ဝတန(နိုင်)၁၃၅၅၆၀ မှ စက်မှု/စီးပွားမြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၆)လမ်း၊ အိမ်နံပါတ်(၂၇)၊ မြေညီထပ် ခြေရင်းခန်း၏ ပိုင်ရှင် ဖြစ်သူ ဒေါ်ဇာခြည်ဝင်း ၁၂/သဃက(နိုင်)၁၆၃၆၀၃ထံမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၉)လမ်း၊ အိမ်နံပါတ်(၁၈၉)၊ မြေညီ ခြေရင်းခန်းနေ ဒေါ်မြင့်မြင့်အေးမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ယင်းအခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးအပိုင်ငွေပေးချေ၍ ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်အေး**
**၁၂/ဗတထ(နိုင်)၀၀၈၁၇၅**
**ဖုန်း-၀၉-၉၈၅၄၅၅၀၉၈**

## မြေဂရန်ပျောက်ဆုံးကြောင်းကြေညာခြင်း

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အိမ်အမှတ် ၄/၂၀(က)နေ (ဘ) ဦးကြာထွန်း၏သမီးဖြစ်သော ဒေါ်နန်းခမ်းထွန်း(၁၃/ကတန(နိုင်)၀၀၆၇၃၆) ပိုင်ဆိုင်သော တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဝမ်မိုင်အကွက်အမှတ်(၅၃)၊ လွယ်စတုံရွာ၊ ဦးပိုင်အမှတ်(၁၂/က)၊ မြေဧရိယာ ၀ ဒသမ ၀၅၉ ဧက၊ ဂရန်အမှုတွဲ အမှတ်(၇၅/၂၀၁၆)၊ နှစ်(၁၀)ဂရန်မြေကွက်မှာ သဘာဝဘေးကြောင့် ပျောက်ဆုံးသွားပြီး မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၃၁-၁၂-၂၀၂၄ ရက် နောက်ဆုံးထားလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက သက်ဆိုင်ရာရုံးဌာန၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

**ဒေါ်နန်းခမ်းထွန်း ၁၃/ကတန(နိုင်)၀၀၆၇၃၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၆)လမ်း၊ အိမ်နံပါတ်(၅)၊ ပထမထပ်ခေါင်းရင်းခန်း၏ ပိုင်ရှင်ဖြစ်သူ ဦးဝင်းနိုင်လွင် ၁၂/မဂတ(နိုင်)၀၆၄၉၇၃ထံမှ တာမွေမြို့နယ်၊ ပုသိမ်ညွန့် စံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အိမ်နံပါတ်(၆၁)နေ ဒေါ်ဇာခြည်ဝင်းမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ယင်းအခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဤကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးအပိုင်ငွေပေးချေ၍ ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်ဝင်း ၁၂/သဃက(နိုင်)၁၆၃၆၀၃**
**ဖုန်း-၀၉၄၄၈၀၁၀၀၃၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပုသိမ်ခရိုင်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅**

၁။ ဒေါ်တင်တင်ဦး **နှင့်** ၁။ ဦးဝေဖြိုးမြင့်
၂။ ဒေါ်ခမ္မထေရီ(ခ)ဒေါ်နိုင်နိုင်ဝင်း ၂။ ဦးနေသူအောင်
၃။ ဒေါ်ကြူကြူဝင်း
၄။ ဒေါ်စန်းစန်းထွေး
**(တရားလိုများ)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်(၄၀၉/စ)နေ ဦးဝေဖြိုးမြင့် (ယခုနေရပ်လိပ်စာမသိသူ)နှင့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ရတနာပုံ လမ်း၊ ရိုးမဘဏ်နန်းရှေ့ နေ ဦးနေသူအောင်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်ဦး၊ ဒေါ်ခမ္မထေရီ(ခ)ဒေါ်နိုင်နိုင်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်စန်းစန်းထွေးတို့က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် တရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်(၁၃၈၆ ခုနှစ်၊ ပြာဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ထားအိခိုင်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသဃက(၂၅)လမ်း၊ တိုက်အမှတ် (၇၆၉/ခ)၊ အခန်း (ပထမထပ်) (၂လွှာ)၊ အကျယ်အဝန်း (၁၈ပေ × ၅၄ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြတ်ထွန်း (၁၂/ဥကတ (နိုင်) ၁၄၁၈၇၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ် ၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဇင်
**(ဌာနမှူး-ငြိမ်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)**
**အသက်(၆၈)နှစ်**

သူငယ်ချင်း ဦးခင်မောင်ဇင်သည် (၁၆-၁၂-၂၀၂၄)ရက် နံနက်(၉:၁၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ မုခ်ဦး၊**
**ရေတွင်း၊ ရေကန် ဒါယကာကြီး**
## ဦးခင်မောင်ဇင်(ဌာနမှူး-ငြိမ်း)
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၆၈)နှစ်**

မန္တလေး/ပြင်ဦးလွင်မြို့နေ ဒေါက်တာ စိုးမိုးမိုး၏ခင်ပွန်း ဦးခင်မောင်ဇင်(ဌာနမှူး-ငြိမ်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)သည် ၁၆-၁၂-၂၀၂၄ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေး/ပြင်ဦးလွင် မှ မိတ်ဆွေများ**
**ဦးခင်မောင်ဝင်း၊ ဦးကျော်ကျော်ထွန်း၊ ဦးကျော်မိုး၊**
**ဦးအောင်စိုး၊ ဦးမျိုးလွင်၊ ဦးခင်အောင်**

## ဦးမောင်မောင်သိန်း(BOSUN)
**C.D.C 16331**
**Ray Shipping Co.,Ltd**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၇)လမ်း၊အမှတ်(၂၀/B) နေ (ဦးမောင်မောင်-ဒေါ်ခင်ထားရီ)တို့၏သားကြီး၊ (ဦးမောင်မောင်ငြိမ်း)၊ (ဒေါ်နီလာမောင်မောင်)တို့၏အစ်ကိုကြီး၊ ဒေါ်စန္ဒာမြင့်(ခ)ဘေဘီ ၏ခင်ပွန်းသည် ၁၁-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၂၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၂၄ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်၊ ဇေယျာသုခကျောင်းတိုက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူ၏ နာရေးအတွက် ဝိုင်းဝန်း ကူညီထောက်ပံ့ပေးကြပါသော Ray Shipping Co.,Ltdမှ လူကြီးမင်းများနှင့် မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၀-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၃တွင် ပါရှိသော မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 9N/8326 အစား 9N/8362 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာမှ မခိုင်ဇင်မိုး၊ မောင်ကောင်းခန့်ကျော် အထက(ရေဆင်း) တို့၏ ဖခင် ဦးမှို(ခ)ဦးပေါတာ ၉/ဇယသ (နိုင်) ၀၁၇၇၂၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၁၉၇)၊ ဒါဘာ(ယာဘက်/ခြေရင်း)၊ အကျယ်အဝန်း (၁၁.၅ပေx၄၇ပေ)ရှိ တိုက်ခန်းနှင့်တကွ ၎င်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ရှိထားသူ ဦးယဉ်ထွေး ၁၂/သဃက(နိုင်) ၀၃၇၈၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင်(B.Com, D.A,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၆/၂၉-၁၁-၂၀၁၆)**
**အမှတ်၆၆၊ ၇လွှာ၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၁၅၃၆၃၆၊ ၀၉-၇၃၁၅၃၆၃၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/1190 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ကော့သောင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9372 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## အထူးကျေးဇူးတင်ရှိကြောင်း
**ဒေါ်ခင်ရီ (BA.ED) (B.ED) အထပြ(ငြိမ်း)**
**တပ်မတော်ကလေးများကျောင်း (မင်္ဂလာဒုံ)၊**
**အထက (၁) သန်လျင်၊ အထက (၁) သင်္ဃန်းကျွန်း**
**အလက (ဂျမားဆိပ်ကြီး)၊ အလက(ကြေးနီစီမံကိန်း)**
**အသက် (၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၆)ရပ်ကွက်၊ မြိတ်လမ်းမ၊ အင်းဝအိမ်ရာ၊ (တိုက် ၄၇/၀၀၂)နေ ဒေါ်ခင်ရီ (၈၆)နှစ်သည် ၁၄-၁၂-၂၀၂၄ရက် (စနေနေ့) ညနေ ၄:၃၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး (Medical Word) ဖျားနာဆောင်တွင် ကွယ်လွန်သွားပါသည်။ နာမကျန်းဖြစ်နေစဉ် ဂရုတစိုက်ကုသပေးခဲ့ကြသော ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလုံးအား ကျေးဇူးတင်ရှိပါသည်။ (၁၆-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ တပည့်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အိမ်နီးချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံး၊ နေအိမ်သို့ ကိုယ်တိုင်လာရောက်သတင်းမေးကူညီပေးခဲ့ကြသော တပည့်များ၊ ရပ်ဝေးမှကူညီပေးကြသော တပည့်များအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

(၂၀-၁၂-၂၀၂၄)ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးဇင်အောင်အေး(ငြိမ်း)
**အသက် (၅၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ (ဦးအေးလွင်-ဒေါ်မော်မော်)တို့၏သား၊ (ဦးသောင်းကြွယ်-ဒေါ်စိန်ဝင်း)တို့၏သားသမက်၊ ဦးခင်အောင်-ဒေါ်ချိုချိုနှင်း၊ (ဦးတင်မောင်အေး)တို့၏ညီ/မောင်၊ ဦးခင်မောင်ကြွယ်-ဒေါ်ပြည့်ဖြိုးနိုင်၊ (ဦးသန့်ဇင်အေး)-ဒေါ်တင်တင်ဌေးတို့၏အကို၊ မရင်ငြိမ်းချမ်း၊ မနှင်းရွှေရည်အောင်တို့၏ဦးလေး၊ မောင်သူထူးဇော်၊ မသင်းနဒီဇော် တို့၏ဘကြီး၊ ကိုရဲဇင်အောင်ဗိုလ်-မဇွန်ပန်းအိလွင်၊ ကိုဖွဲ့ထက်အောင်၊ ကိုကောင်းခန့်မော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်ကေသီကြွယ်)၏ ခင်ပွန်းသည် ၁၆-၁၂-၂၀၂၄ရက်(တနင်္လာနေ့) နံနက် ၈:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၁၆-၁၂-၂၀၂၄ ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ထောက်ကြန့် မြို့ရှောင်လမ်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဇင်အောင်အေး(ငြိမ်း)
**အသက်(၅၇)နှစ်**

သူငယ်ချင်း ဗိုလ်မှူးဇင်အောင်အေး(ငြိမ်း) အသက်(၅၇)နှစ်သည် ၁၆-၁၂-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၈:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၀)သူငယ်ချင်းများနှင့် မိသားစုများ**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျင်ဆန်း (၁၂/ကမရ(နိုင်)၀၄၃၆၄၀) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၃၀၁/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဝင်းရှိန်(၁၂/ဒဂတ(နိုင်)၀၂၀၄၃၃) က ဝန်ခံကတိပြုလျှက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ် ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့် ပစ္စည်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်ပိုင်စိုး(စဉ်-၁၁၅၉၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉၂၅၇၅၇၇၁၇၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၁၀)လမ်း၊ အပိုင်း(၂)၊ တိုက်အမှတ်(၅၅)၊ (နှစ်ခန်းတွဲ) (သုံးထပ်ခွဲတိုက်)၏ ဒါဘာ(A)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂.၅ပေx၅၀ပေ)ရှိ ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တရားဝင်လက်ဝယ်ထားရှိ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညွန့်ညွန့်ဝေ ၁၂/သကတ(နိုင်) ၀၃၂၂၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးနိုင် ၁၂/သဃက(နိုင်)၀၉၇၅၆၂ မှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း သက်သေအထောက် အထားနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမျိုးနိုင်** | **ဒေါ်အေးသူဇာအောင်** |
| **၁၂/သဃက(နိုင်)၀၉၇၅၆၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၇၉၄၃)** |

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဟာဂျီ R.S မိုဟာမက် အီစွတ်
## Director, United Tyre Group (UTG) Co.,Ltd.
## အသက် (၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အပေါ်ဘလောက်၊ အမှတ် (60-A)၊ ကန်တော်အိမ်ရာနေ ဟာဂျီ R.S မိုဟာမက် အီစွတ်သည် ၁၅-၁၂-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၉:၅၀နာရီတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**United Tyre Group (UTG) Co.,Ltd.**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးသန်းထွန်း(ခ)နပိုလီယံ
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၁)ရပ်ကွက်၊ အဌရုံမြစ်လမ်း၊ အိမ်အမှတ်(၁၄၀)နေ ဦးတင်ထွေး၏သား ဦးသန်းထွန်း(ခ)နပိုလီယံသည် ၁၆-၁၂-၂၀၂၄ရက် (တနင်္လာနေ့) ည (၈:၁၅) နာရီတွင် သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးဝတ်ပြုဆုတောင်းခြင်းကို ၁၈-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

သဲကုန်းမြို့နယ်၊ အ.ထ.က ဆင်မြီးဆွဲကျောင်း၊ Grade-3 မှ ဦးပြည့်ဖြိုးအောင် ၇/ပမန(နိုင်) ၁၄၃၉၁၂ ၏သား မောင်ကာလတ်အား ယနေ့မှစ၍ မောင်ကာလတ်သန့်စင်အောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးကျော်မိုး ၏သမီး ကျွန်မ မရတနာစိုးမိုး (၇/သနပ(နိုင်)၁၇၈၉၅၀) ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၉၆၄ ၃၅၅ ၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ်(၉၁၂)၊ ဒေါ်အေးအေးလှ အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေကွက် အလျား၄၀ပေx အနံ၆၀ပေ အနက်မှ တရားဝင် မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း) အလျား ၂၀ပေx အနံ ၆၀ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၉၁၂၊ ဆည်တော်လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၏ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားလျက် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသူ **ဒေါ်သက်ရွှေစင်လှိုင်(၅/ဟမလ (နိုင်) ၀၆၂၄၃၇)**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ထားထားအေး(၅/ဟမလ(နိုင်)၀၀၁၁၉၈)**က အပြီးအပိုင် တစ်လုံးတစ်ခဲတည်းငွေပေးချေဝယ်ယူမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ သို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးတိုင်ဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ထားထားအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးခိုင်ဇင်ထူး(LL.B )** | **ဒေါ်ဝင့်ဒါလီထွန်း(LL.B )** | **ဦးဇင်ကိုကိုနိုင်(LL.B )** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၃၂၆၉)** | **(စဉ်- ၄၉၃၃၉)** | **(စဉ်-၅၄၈၄၁)** |

**အမှတ် ၁၇၊ ပထမထပ်၊ ပုညဝဇ္ဇာလမ်း၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၉၇၂၉၇၄၂၃၄၊ ၀၉-၄၂၀၅၆၇၄၉၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ နဝရတ်(၁၁)လမ်း၊ မြေကွက်အမှတ်(၆၅/ခ) (၆၈/က)၊ အကျယ်အဝန်း(အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ ဒေါ်မြရီ ၁၂/သကတ (နိုင်)၀၅၇၃၈၇ နှင့် ဒေါ်ခင်မာအေး ၁၂/ဗတထ(နိုင်)၀၂၀၁၃၈ တို့အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားများ ဟုခေါ်တွင်သော မြေကွက်(၂)ကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၅)ထပ်တိုက် အဆောက်အအုံ၏ ခေါင်းရင်းခြမ်း(ဘယ်ဘက်)၊ ပထမထပ်(ဒုတိယအလွှာ)၊ အမှတ်(၆၈/က)၊ အကျယ်အဝန်း(အလျား ၁၉ပေ x အနံ ၅၅ ပေ)ဖြစ်သည့် မြေရှင် ဒေါ်မြရီ ၁၂/သကတ(နိုင်)၀၅၇၃၈၇ ပိုင် တိုက်ခန်း(၁)ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သည့် မြေပိုင်ဆိုင်မှုမူရင်း စာရွက်စာတမ်းအထောက်အထားများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကေသီအောင်(၁၀/ပမန(နိုင်)၁၄၂၆၂၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊မဲ့ပါလလမ်း၊ ဆရာစံမြောက်/ အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့၊ အမှတ်(၆) ရပ်ကွက်၊ လုပ်သားလမ်းနေ မယွန်းနံ့သာ၏ ဖခင် ဦးထွန်းဇော်လတ် ၁၀/ပမန(နိုင်) ၀၉၃၃၃၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/87883, Dayang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကို ၉/အမရ(နိုင်)၁၆၅၃၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင် . . .**

❖ **"ပညာတတ်" နိုင်ငံသားများ ဆိုသည်မှာ "အရည်အချင်း" ကိုဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်" ကို ဆိုလို . . .**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။


ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တာချီလိတ်မြို့တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း)၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ကျန်ကြားအန်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၁၄၁ ကီလို၊ ကက်တမင်း ၂၃ ကီလိုနှင့် အက်တက်စီဆေးပြား ၁၂၈၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့

*စာမျက်နှာ ၈ ကော်လံ ၁* ✻

AFF MITSUBISHI ELECTRIC CUP 2024

## ဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသား လက်ရွေးစင်ဘောလုံးအသင်းနှင့် လာအိုအမျိုးသား လက်ရွေးစင်ဘောလုံးအသင်းတို့သည် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV–HD Channel ၊ MRTV Parliament Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ ညနေ ၄ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီ ၁၇ မိနစ် ၂၇ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင် စခန်းမှ အရှေ့တောင်ဘက် ၅၄၄၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Vanuatu Islands) တောင်လတ္တီတွဒ် ၁၇ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၆၈ ဒသမ ၀၁ ဒီဂရီ၊ အနက် ၅၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## Asean Cup ပြိုင်ပွဲ မြန်မာ-လာအို ပွဲကြိုသတင်းစာရှင်းလင်း


မြန်မာအသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်း။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၄ Asean Cup ပြိုင်ပွဲ အုပ်စု (B) စတုတ္ထနေ့အဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် လာအိုလက်ရွေးစင်အသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၇ ရက်က သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် ကစားသမားများ တက်ရောက်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ဖိလစ်ပိုင်အသင်းနဲ့

*စာမျက်နှာ ၈ ကော်လံ ၁* ❍

**ယနေ့ သတင်းအညွှန်း**

**မာလဝီသို့ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ် သေဆုံးသူ ခုနစ်ဦးရှိပြီး လူပေါင်း သုံးသောင်းကျော် ရေဘေးကြုံ**

စာ ၁၈

